ရောင်းမှန်

The Mirror Daily

Established in 1957

၁၉၅၇ ခေါ် ၁၆ တွင် စတင်တည်ထောင်သည်။

လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်၊ ကြာသပတေးနေ့။ Thursday, 10 November 2022 ၁၀၉၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Naypyitaw State Academy ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

Naypyitaw State Academy ဖွင့်ပွဲအခမ်းအနား ကျင်းပ

ကြောင်းကျိုးဆက်စပ်တွေးခေါ်မှုကို အခြေခံသည့် သင်ကြားသင်ယူမှုကို အလေးထားအားပေးပြီး အသုံးချသုတေသနများနှင့် နိုင်ငံတော်၏ လူမှုစီးပွား ဘဝမြင့်မားရေးကို ဖော်ဆောင်ပေးနိုင်မည့် ပညာရှင်များ မွေးထုတ်ပေးရာ ဦးဆောင်တက္ကသိုလ်ဖြစ်စေရန်အတွက် ဦးတည်ချက်ထား ကြိုးပမ်းသွားကြရမည်

နေပြည်တော် နိုဝင်ဘာ ၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပညာရေးဝန်ကြီးဌာန Naypyitaw State Academy ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာနှင့် ဦးစိုင်းလုံးဆိုင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ကြေးမုံ

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး မျက်ခြည်မပြတ်အလေးထားဆောင်ရွက်

နိုင်ငံ၏ သဘောသဘာဝ ပကတိအနေအထားနှင့် ပထဝီနိုင်ငံရေးအနေအထားများအရ မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများကြား၌ အရေးပါသည့်နိုင်ငံအဖြစ် ရပ်တည်နေသည်ကို တွေ့ရမည်ဖြစ်သည်။ သမိုင်းကြောင်းတစ်လျှောက်တွင်လည်း မြန်မာနိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိုအကြောင်းပြု၍ အရေးကြီးသည့် ကိစ္စများ မကြာခဏဖြစ်ပေါ်လေ့ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ မည်သို့သောအခြေအနေများရှိသည်ဖြစ်စေ မြန်မာနိုင်ငံသည် စည်းလုံးညီညွတ်မှုစွမ်းပကားများဖြင့် ဟန့်တားနှောင့်ယှက်မှုများ၊ အဖျက်အန္တရာယ်များကို တွန်းလှန်ဖယ်ရှားနိုင်ခဲ့ပေသည်။

မြန်မာနိုင်ငံသည် တရုတ်၊ အိန္ဒိယ အင်အားကြီး နိုင်ငံကြီးနှစ်နိုင်ငံကြားနှင့် ထိုင်း၊ လာအို၊ ဘင်္ဂလားဒေ့ရှ်ပါဝင်သည့် နိုင်ငံငါးနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ သမိုင်းကြောင်းတစ်လျှောက်တွင် အိမ်နီးချင်းနိုင်ငံများနှင့် ပြဿနာဖြစ်ပေါ်မှု အလွန်နည်းပါးပြီး များသောအားဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ထိတွေ့ဆက်ဆံလျက်ရှိသည်။ တစ်နိုင်ငံ၏ ပြည်တွင်းရေးတွင် တစ်နိုင်ငံက ဝင်ရောက်စွက်ဖက်ခြင်းမရှိဘဲ မိမိတို့နိုင်ငံ၏ပြည်တွင်းရေးကို မိမိတို့ကိုယ်တိုင် ဖြေရှင်းကြသည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရိုင်းပင်းကူညီလက်တွဲ ပူးပေါင်းဆောင်ရွက်လေ့ရှိပြီး ထိတွေ့နေသောတရားဝင်နယ်စပ်ဂိတ်များမှတစ်ဆင့် လူမှုစီးပွားနှင့် ကူးသန်းရောင်းဝယ်ဖောက်ကားမှုများ ပြုလုပ်ကြသည်။

မြန်မာနိုင်ငံ၏ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် ကူးသန်းရောင်းဝယ် ကူးလူးဆက်ဆံမှုများရှိခဲ့သည်။ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ သမိုင်းကြောင်းတစ်လျှောက်၌ လူဝင်လူထွက်ပြဿနာများ ဖြစ်ပေါ်လေ့ရှိပြီး စွက်ဖက်နှောင့်ယှက်မှုနှင့် နယ်မြေပိုင်နက်ကျူးကျော်မှုများ မရှိသလောက်နည်းပါးသည်။ သို့သော် မြန်မာနိုင်ငံတွင် ဒီမိုကရေစီအသွင်းကူးပြောင်းသည့်ကာလ၌ မြန်မာနိုင်ငံအနောက်ဘက်ခြမ်းတွင် လူမျိုးရေးကိုအကြောင်းပြု၍ တစ်ဖက်နိုင်ငံကို အခြေပြုဖွဲ့စည်းခဲ့သည့် ARSA အကြမ်းဖက်အဖွဲ့ ဖြစ်ပေါ်လာသည်။ ၂၀၁၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် ARSA အစွန်းရောက်ဘင်္ဂလီအကြမ်းဖက်အဖွဲ့သည် စတင်ဖွဲ့စည်းပြီးသည်နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်း နယ်စပ်အချို့တွင် ကျူးကျော်စွက်ဖက်နှောင့်ယှက်မှုများပြုလုပ်လာသည်။

တစ်ဖက်နိုင်ငံမှ ARSA အစွန်းရောက်ဘင်္ဂလီအကြမ်းဖက်အဖွဲ့သည် ၂၀၁၇ ခုနှစ် သြဂုတ်လ ၂၅ ရက်နေ့တွင် ရခိုင်ပြည်နယ် မောင်တောခရိုင်နယ်စပ်များရှိ နယ်စပ်လုံခြုံရေးစခန်းများကို ဝင်ရောက်တိုက်ခိုက်ပြီးနောက် နေရပ်စွန့်ခွာထွက်ပြေးကြရသည့် ပြဿနာများကိုဖန်တီးခဲ့သည်။ ထို့နောက် ၂၀၁၉ ခုနှစ်တွင် တစ်ကြိမ် ထပ်မံတိုက်ခိုက်ခဲ့ပြီး ယခုနှစ် စက်တင်ဘာလတွင် နောက်တစ်ကြိမ် ထပ်မံတိုက်ခိုက်ခဲ့သည်။ ယခုနှစ်တိုက်ခိုက်မှုဖြစ်စဉ်တွင် ARSA အစွန်းရောက်ဘင်္ဂလီ အကြမ်းဖက်အဖွဲ့နှင့်အတူ ပြည်တွင်းမှ AA လက်နက်ကိုင်အကြမ်းဖက်အဖွဲ့ ပါဝင်ပူးပေါင်းတိုက်ခိုက်ခဲ့ကြသည်ကို တွေ့ရသည်။ AA အဖွဲ့သည် တစ်ဖက်နိုင်ငံမှ ARSA အကြမ်းဖက်အဖွဲ့နှင့် ယခုနှစ်စက်တင်ဘာလ ၁၆ ရက်နေ့တွင် နှစ်နိုင်ငံ နယ်နိမိတ်မှတ်တိုင်အနီးမှ ရဲကင်းစခန်းများကို တိုက်ခိုက်ကာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ထိခိုက်စေရန် ဖန်တီးခဲ့သည်။ ARSA အကြမ်းဖက်အဖွဲ့သည် ပြဿနာများကို ထိုသို့ဖန်တီးပြီးနောက် နိုင်ငံတကာအလယ်တွင် မြန်မာနိုင်ငံ၏ပုံရိပ် ကျဆင်းအောင် အမျိုးမျိုးအဖုံဖုံပြုလုပ်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူများ လိုလားတောင့်တသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းအကောင်အထည်ဖော်နေသည့် အချိန်၌ AA အဖွဲ့သည် ARSA အစွန်းရောက်ဘင်္ဂလီအကြမ်းဖက်အဖွဲ့နှင့် ပူးပေါင်းတိုက်ခိုက်ခြင်းသည် ငြိမ်းချမ်းရေးကို ဖျက်ဆီးခြင်းဖြစ်သည်။ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးဆောင်ရွက်နေသော နယ်ခြားစောင့်ရဲတပ်ဖွဲ့များကို တိုက်ခိုက်ခြင်းသည် အိမ်နီးချင်းနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိ ပြုလုပ်ခဲ့ခြင်းဖြစ်သည့် အပြင် ကုလသမဂ္ဂနှင့်နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံအပေါ် အထင်အမြင်လွဲမှားအောင် ပြုလုပ်နေခြင်းဖြစ်သည်။ ARSA အကြမ်းဖက်သမားများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနယ်စပ်ရှိ ဒုက္ခသည်စခန်းများတွင် ခိုအောင်းလှုပ်ရှားမှုများ ဆက်လက်ပြုလုပ်ကာ မြန်မာနိုင်ငံအပေါ် စွက်ဖက်နှောင့်ယှက်မှုများ ပြုလုပ်နိုင်ရန် အမျိုးမျိုးအဖုံဖုံ ကြံစည်လုပ်ဆောင်မှုများ ပြုလုပ်နေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် နှစ်နိုင်ငံချစ်ကြည်ရေး ပျက်ပြားမှုမရှိစေရန်နှင့် အထင်အမြင်လွဲမှားမှုများမရှိစေရန်အတွက် အကြမ်းဖက်အဖျက်သမားများကို ဥပဒေနှင့်အညီ ထိန်းသိမ်းကာကွယ်ဆောင်ရွက်လျက်ရှိပြီး နှစ်နိုင်ငံအကြား သံတမန်နည်းလမ်းဖြင့် ပြဿနာဖြေရှင်းလျက်ရှိသည်။ ARSA အစွန်းရောက်ဘင်္ဂလီ အကြမ်းဖက်သမားများက မြန်မာနိုင်ငံအနောက်ဘက်နယ်စပ်၌ အကြိမ်ကြိမ် နှောင့်ယှက်၊ လှုပ်ရှားဆောင်ရွက်နေမှုတို့ကို လုံခြုံရေးသတိဖြင့် အမြဲမပြတ် စောင့်ကြပ်ကြည့်ရှုပြီး ကာကွယ်စောင့်ရှောက်လျက်ရှိကာ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို မျက်ခြည်မပြတ်အလေးထားဆောင်ရွက်လျက်ရှိနေပါကြောင်း။ ။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရအောင်ဘို ကို အစမ်းခန့်ကာလ(၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ပြည်ထဲရေးဝန်ကြီးဌာနမိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၉

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒဂ္ဂိဏာသီရိမြို့နယ်ရှိရန်အောင်မြင်တောရကျောင်းတိုက်နှင့် မဟာမြိုင်တောရကျောင်းတိုက်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ခေမာသီဝံပရိယတ္တိစာသင်တိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ဦးဝင်းကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဓမ္မစေတီ(မွန်)ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံပရိယတ္တိစာသင်တိုက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အောင်ဓမ္မရိပ်သာကျောင်းတိုက်၊ ဒေါပုံမြို့နယ်ရှိ ပြဿဒ်ပရိယတ္တိစာသင်တိုက်နှင့် ရန်ကင်းမြို့နယ်ရှိ အောင်သုခဗိမာန်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ မဟာဝိဇိတာရုံကျောင်းတိုက်၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ မဟာကိုးဆူကျောင်းတိုက်နှင့် အမရပူရမြို့နယ်ရှိ ပိဋ္ဌကတ်မစိုးရိမ်ဓမ္မကောလိပ်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မြစေတီပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီးတောင်ဥက္ကလာပမြို့နယ်ရှိ ငွေကြာရံပရိယတ္တိ စာသင်တိုက်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဘုရားကြီးအနောက်ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၉ - ၁၁ -၂၀၂၂)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၉,၂၀၀	၉,၁၀၀	၆၄၈	၅,၉၀၀,၈၀၀
MTSH	၃,၃၅၀	၃,၃၅၀	၂၁၀	၇၀၃,၅၀၀
MCB	၇,၈၀၀	၇,၈၀၀	၂၁	၁၆၃,၈၀၀
FPB	၁၉,၀၀၀	၁၉,၅၀၀	၄၂	၇၉၈,၅၀၀
TMH	၂,၇၀၀	၂,၇၀၀	၁၁၀	၂၉၇,၀၀၀
EFR	၂,၇၀၀	၂,၇၀၀	၀	၀
AMATA	၄,၉၀၀	၄,၉၀၀	၀	၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် နိုဝင်ဘာ ၉

နိုင်ငံခြားငွေလဲလှယ်နှုန်း			မြန်မာငွေကျပ်
(က) အမေရိကန်	တစ်ဒေါ်လာ	=	၂၁၀၀.၀
(ခ) ဥရောပ	တစ်ယူရို	=	၂၁၁၃.၂
(ဂ) တရုတ်	တစ်ယွမ်	=	၂၉၀.၀၃
(ဃ) ထိုင်း	တစ်ဘတ်	=	၅၇.၁၀၄
(င) မလေးရှား	တစ်ရင်းဂစ်	=	၄၄၇.၄၇
(စ) အိန္ဒိယ	တစ်ရူပီး	=	၂၅.၈၁၃
(ဆ) သြစတြေးလျ	တစ်ဒေါ်လာ	=	၁၃၆၅.၄
(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၁၅၀၂.၃
(ဈ) ဂျပန်	တစ်ရာယန်း	=	၁၄၄၂.၁
(ည) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၅၃.၈၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	အကြီးတန်း	- ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌ၊
စာတည်းမှူး	- ဦးဝင်းနိုင်	သတင်းထောက်များ	ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်စိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	အငယ်တန်း သတင်းထောက်များ	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	- ဒေါ်ဇင်မာဝင့်
ဘာသာပြန်	- ဦးနိုင်လင်းကြည်၊	စာပြင်	- ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဦးကျော်စွာလင်းနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀ဂုဂ၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀۶۷-၃۶၁၂۶၊ စာတည်းအဖွဲ့ ၀۶۷-၃۶၁၂၈၊ ၀۶۷-၃۶၁၃၀၊ ဖက်စ် ၀۶۷-၃۶၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က Naypyitaw State Academy ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

Naypyitaw State Academy ကို ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်များကဲ့သို့ နိုင်ငံထိပ်တန်း တက္ကသိုလ်ကြီးတစ်ခုဖြစ်လာစေရန် ရည်ရွယ်ပြီး ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်

✰ ရွှေဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်အေးနုစိန်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်တို့က Naypyitaw State Academy ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Naypyitaw State Academy ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး Naypyitaw State Academy ကမ္ဘည်းမော်ကွန်းကို အမွေးနုံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် Naypyitaw State Academy ကမ္ဘည်းမော်ကွန်းကို အမွေးနုံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ပထမထပ်ရှိ Function Hall အတွင်း Naypyitaw State Academy ဖွင့်ပွဲ အထိမ်းအမှတ်အခမ်းအနားကို ဆက်လက်ကျင်းပရာ ယဉ်ကျေးမှုတက္ကသိုလ်မှ ဆရာမများ၊ ကျောင်းသူများနှင့် အနုပညာရှင်များက Naypyitaw State Academy အဖွင့်သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့အခမ်းအနားသည် အဆင့်မြင့်ပညာကဏ္ဍတွင် ထူးခြားဆန်းသစ်စေမည့် နိုင်ငံထိပ်တန်း တက္ကသိုလ်တစ်ခုကို မြို့တော်နေပြည်တော်တွင် ဖွင့်လှစ်နိုင်သည့်အတွက် ကျက်သရေမဂ်လာရှိသည့် နေ့ထူးနေ့မြတ်အခမ်းအနား ဖြစ်ပါကြောင်း။

Naypyitaw State Academy ကို ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်မှာ နေပြည်တော်ကို ပညာရေးမြို့တော်ဖြစ်လာစေရန်နှင့် နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းမိသားစုများ၏ သားသမီးများ၊ နေပြည်တော် ၈ မြို့နယ်ဖြစ်သည့် ဇမ္ဗူသီရိ၊ ဇေယျာသီရိ၊ ဥတ္တရသီရိ၊ ဒက္ခိဏသီရိ၊ ပုဗ္ဗသီရိ၊ ပျဉ်းမနား၊ တပ်ကုန်းနှင့် လယ်ဝေးမြို့နယ်တို့မှ ဒေသခံပြည်သူများ၏ သားသမီးများ နိုင်ငံတကာအဆင့်မီ အဆင့်မြင့်ပညာရပ်မျိုးစုံကို ရွေးချယ်သင်ယူလေ့လာနိုင်ရန် ဖြစ်ပါကြောင်း။ **စာမျက်နှာ ၄ သို့ ✰**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Naypyitaw State Academy ကမ္ဘည်းမော်ကွန်းကို အမွေးနုံ့သာရည်များ ပက်ဖျန်းပေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း Naypyitaw State Academy ကမ္ဘည်းမော်ကွန်းကို အမွေးနုံ့သာရည်များ ပက်ဖျန်းပေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်အေးနုစိန်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်တို့က Naypyitaw State Academy ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ ယဉ်ကျေးမှုတက္ကသိုလ်မှ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် အနုပညာရှင်များက Naypyitaw State Academy အဖွင့်သီချင်းဖြင့် သီဆိုကပြဖျော်ဖြေမှုအား ကြည့်ရှုအားပေးကြစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်လာကြသည့် ဆရာ ဆရာမများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

☆ **စာမျက်နှာ ၃ မှ**

ထို့ပြင် ကြောင်းကျိုးဆက်စပ်တွေးခေါ်မှုကို အခြေခံသည့်သင်ကြားသင်ယူမှုကို အလေးထားအားပေးပြီး အသုံးချသုတေသနများနှင့် နိုင်ငံတော်၏ လူမှုစီးပွားဘဝမြင့်မားရေးကို ဖော်ဆောင်ပေးနိုင်မည့် ပညာရှင်များ မွေးထုတ်ပေးရာဦးဆောင်တက္ကသိုလ် (The Leading University for Wisdom) ဖြစ်စေရန် အတွက် ဦးတည်ချက်ထား ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း၊ အသိပညာ အတတ်ပညာနှင့် ပြည့်စုံပြီး ပညာပြည့်ဝနှလုံးလှသည့် စိတ်ဓာတ်ကောင်းမွန်သော ပညာတတ် နိုင်ငံ့သားကောင်းရတနာမွန်များကို မွေးထုတ်ပေးသွားမည် ဖြစ်ပါကြောင်း။

ဖော်ညွှန်းထား

Naypyitaw State Academy အမှတ်တံဆိပ် ဆောင်ပုဒ်သည် **"ပညာဇေ အဓိပတိ"**ဟု သတ်မှတ်ထားသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ အဆိုပါ ဆောင်ပုဒ်မှာ **"ပညာသည်သာ အရှင်သခင်၊ ပညာသည်သာ အကြီးအမှူး၊ ပညာသည်သာ ဦးဆောင်သူ"** ဖြစ်သည်ဟု လေးလေးနက်နက် ဖော်ညွှန်းထားခြင်း ဖြစ်ပါကြောင်း၊ ပညာကို ဦးထိပ်ပန်ဆင်ကာ ပညာကိုအထွတ်အမြတ်ထားပြီး သင်ယူလေ့လာနိုင်သည့် ဌာနကြီးဖြစ်သည်ဟု ရည်ညွှန်းထားသည်ကို တွေ့မြင်နိုင်မည် ဖြစ်ပါကြောင်း။

Naypyitaw State Academy ကို ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်များကဲ့သို့ နိုင်ငံ့ထိပ်တန်းတက္ကသိုလ်ကြီးတစ်ခု ဖြစ်လာစေရန် ရည်ရွယ်ပြီး ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်ပါကြောင်း၊ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့၏ မဟာဌာနကြီးများ ဖွဲ့စည်းထားရှိသည့်အတိုင်း ယခုတက္ကသိုလ်တွင်လည်း မဟာဌာနကြီးများ ဖွဲ့စည်းကျင့်သုံးထားသည်ကို တွေ့ရပါကြောင်း၊ မဟာဌာနကြီးများဖြစ်သည့် ဝိဇ္ဇာပညာမဟာဌာန၊ သိပ္ပံပညာမဟာဌာန၊ ဥပဒေပညာမဟာဌာန၊ စီးပွားရေးပညာမဟာဌာန၊ ဆေးပညာမဟာဌာန၊ လူမှုရေးပညာမဟာဌာနနှင့် အားကစားပညာမဟာဌာနများ ပါဝင်ဖွဲ့စည်းထားပါကြောင်း၊ အရည်အချင်းပြည့်ဝသည့် ဆရာ ဆရာမများအပြင် နေပြည်တော်ရှိ ဌာနဆိုင်ရာအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် ဘာသာရပ်ကျွမ်းကျင်သူ ပညာရှင်ကြီးများကိုပါ စုစည်းပြီး တက္ကသိုလ်ကြီးတွင် အားဖြည့်သင်ကြား လေ့ကျင့်ပေးကြမည်ဖြစ်သဖြင့် များစွာအားရကျေနပ်မိပါကြောင်း။

Naypyitaw State Academy ၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တတိယနှစ်သင်တန်းများကို စတင်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းနှစ်များကို တစ်နှစ်ပြီးတစ်နှစ် တိုးချဲ့ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ဘွဲ့လွန်တန်းများ ဖြစ်ကြသည့် မဟာတန်းများ၊ ပါရဂူတန်းများအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည် ဖြစ်သဖြင့် နိုင်ငံတော်အတွက်လည်း အားတက်စရာ ဖြစ်ပါကြောင်း။

၁၇၅ ကျောင်း ဖွင့်လှစ်သင်ကြား

ယနေ့ခေတ်တွင် ယခုဖွင့်လှစ်သည့် Naypyitaw State Academy ကို ထည့်သွင်းရေတွက်မည်ဆိုပါက ပညာရေးဝန်ကြီးဌာနအောက်၌ တက္ကသိုလ်၊ ဒီဂရီကောလိပ် ၇၅ ကျောင်းနှင့် ဝန်ကြီးဌာန ၁၁ ခု၏ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ကျောင်းများ အပါအဝင် စုစုပေါင်း ၁၇၅ ကျောင်း ဖွင့်လှစ်သင်ကြားလျက်ရှိသည်ကို ပြောကြားလိုကြောင်း၊ နေပြည်တော်တွင်လည်း Naypyitaw State Academy၊ သစ်တောတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးနှင့် ကုသရေးတက္ကသိုလ်တို့ရှိပြီး မကြာခင် အချိန်တွင်လည်း နည်းပညာတက္ကသိုလ် အဆင့်တိုးမြှင့်မည့် တက္ကသိုလ်တစ်ခု ပေါ်ထွက်လာမည်ဖြစ်၍ ပညာရေးမြို့တော် အဖြစ် လမ်းခင်းနေပြီ ဖြစ်ပါကြောင်း။

Naypyitaw State Academy ကို အရည်အသွေးမြင့်သည့် သင်ကြားသင်ယူမှုနည်းစနစ်များ၊ နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများ၊ ခေတ်မီ သင်ထောက်ကူပစ္စည်းများ၊ ခေတ်မီ လက်တွေ့ခန်းသုံးပစ္စည်းများ၊ သုတေသနဓာတ်ခွဲခန်းများ၊ ခေတ်မီစာကြည့်တိုက်များစသည့် လိုအပ်သော Facilities များ အပြည့်အစုံဖြည့်ဆည်းကာ စာသင်ကောင်းပြီး အမှန်တကယ်တော်သည့် ဆရာများက သင်ကြားကာ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်များကဲ့သို့ ထိပ်တန်းတက္ကသိုလ်ကြီးတစ်ခု ဖြစ်အောင် ဖွင့်လှစ်တည်ထောင်မြှင့်တင်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများကိုလည်း ဉာဏ်ရည်ထက်မြက်ပြီး စဉ်းစားတွေးခေါ်မှုမြင့်မားသည့် အသိပညာ၊ အတတ်ပညာများနှင့် ပြည့်စုံသော ဘွဲ့ရပညာတတ်၊ ပညာရှင်ကြီးများဖြစ်အောင် သင်ကြားလေ့ကျင့်မွေးထုတ်ပေးသွားမည် ဖြစ်ပါကြောင်း၊ အရည်အတွက်ထက် အရည်အသွေးကို ဦးစားပေးသွားရမည်ဖြစ်ပြီး နောင်တွင် အရည်အသွေးမြင့်မားသည့် ပညာရှင်များ အရေအတွက်များများ မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

တစ်ဆက်တည်း ပြောကြားလိုသည်မှာ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုစီမှ အနည်းဆုံးတက္ကသိုလ်တစ်ခုတွင် ပါရဂူဘွဲ့ချီးမြှင့်သည့် သင်တန်းတစ်ခုအနည်းဆုံး ဖွင့်လှစ်ရန်နှင့် ယင်းပါရဂူဘွဲ့သင်တန်းဖွင့်လှစ်သည့် တက္ကသိုလ်တစ်ခုစီကိုလည်း တက္ကသိုလ်အင်္ဂါရပ်များ ပြည့်စုံအောင် နိုင်ငံတော်မှ ဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း။ **စာမျက်နှာ ၅ သို့** ☆

☆ **Naypyitaw State Academy ၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တတိယနှစ်သင်တန်းများကို စတင်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းနှစ်များကို တစ်နှစ်ပြီးတစ်နှစ် တိုးချဲ့ဖွင့်လှစ် သင်ကြားပေးသွားမည်**

☆ **ဘွဲ့လွန်တန်းများဖြစ်ကြသည့် မဟာတန်းများ၊ ပါရဂူတန်းများအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အတွက်လည်း အားတက်စရာဖြစ်**

☆ **မကြာခင်အချိန်တွင်လည်း နည်းပညာတက္ကသိုလ် အဆင့်တိုးမြှင့်မည့် တက္ကသိုလ်တစ်ခု ပေါ်ထွက်လာမည်ဖြစ်၍ ပညာရေးမြို့တော်အဖြစ် လမ်းခင်းနေ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

☆ စာမျက်နှာ ၄ မှ

အဆိုပါ ပါရဂူတန်း ဖွင့်လှစ်သည့် တက္ကသိုလ်ကြီးများသည် ကမ္ဘာ့ထိပ်တန်း တက္ကသိုလ်ဖြစ်လာစေရေး ကြိုးပမ်းသွားကြရန်နှင့် လွတ်လပ်ရေးရပြီး ခေတ်နောက်ပိုင်းက အရှေ့တောင်အာရှတွင် ဂုဏ်သတင်းကြီးမားခဲ့သည့် ရန်ကုန်တက္ကသိုလ်ကဲ့သို့ တက္ကသိုလ်အဆင့် အတန်းအထိ မြင့်မားတိုးတက်အောင် ကြိုးစားအားထုတ်ကြရန် တာဝန်ရှိသူ အဆင့်ဆင့်နှင့် ဆရာ ဆရာမများ အားလုံးကို တိုက်တွန်းပြောကြားလိုပါကြောင်း။

တွဖက်သင်ကြားပေးမည်

နိုင်ငံသားတိုင်း လူတန်းစေ့နေထိုင်ရှင်သန်နိုင်ရန်အတွက် အနည်းဆုံး အတတ်ပညာတစ်ခုခုကို တတ်ထားရန် လိုအပ်မည် ဖြစ်ပါကြောင်း၊ ထို့အတွက် နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်ဖြစ်သည့် ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရေးအတွက် လာမည့်ပညာသင်နှစ်မှစ၍ ခရိုင် ၅၀ တွင် အထက်တန်းကျောင်း တစ်ကျောင်းစီကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာရပ်များကို တွဖက်သင်ကြားပေးမည် ဖြစ်ပါကြောင်း၊ အလားတူ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ အတွက် အထောက်အကူရရှိစေရန် ရည်ရွယ်ပြီး အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားသည့်ကျောင်းများ ကိုလည်း တိုးချဲ့ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ သတ်မှတ် အရည်အချင်းပြည့်မီပါက သက်ဆိုင်ရာ တက္ကသိုလ်များ၌ အဆင့်မြင့်ပညာရပ် ဆရာကျင့်ဝတ်နှင့် ညီညွတ်သော ဆရာ ဆရာမများနှင့်သာ မိမိတို့တပည့်များကို လူတော်လူကောင်းဖြစ်ပြီး ဗလငါးတန်နှင့် ပြည့်ဝသည့် လူငယ်များဖြစ်အောင် မွေးထုတ်ပေးနိုင်မည်ဖြစ်ပါကြောင်း။

ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

နေပြည်တော်၌ Naypyitaw State Academy ဖွင့်လှစ်ပြီးအဆင့်မြင့်ပညာရေး အတွက် အားဖြည့်ပေးသကဲ့သို့ နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်များ၊ ကျောင်းများတွင်လည်း ပညာအဆင့်မြင့်သည်ထက် မြင့်မားလာအောင် ကြိုးပမ်းအားထုတ်ပြီး မြန်မာ့ပညာရေးကို မြှင့်တင်ပေးကြရန်၊ ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း နိုင်ငံတော်မှ ဖွင့်လှစ်ပေးသည့် Naypyitaw State Academy တွင် အဆင့်အတန်းမြင့်မားသည့် ပညာရပ်များ ကိုသင်ယူပြီး မိမိအကျိုး၊ မိမိ ပတ်ဝန်းကျင်အကျိုး၊ မိမိဒေသ၊ မိမိနိုင်ငံတော် အကျိုးတို့ကို သယ်ပိုးထမ်းဆောင်သွားကြရန်၊ ယခုတက္ကသိုလ်ကြီးက ပညာရှင်ပညာတတ်များ စဉ်ဆက်မပြတ်မွေးထုတ်ပြီး အနာဂတ်ခေါင်းဆောင်များ၊ နိုင်ငံ့သားကောင်းများ ပေါ်ထွန်းလာအောင် ဆောင်ကြဉ်းပေးနိုင်မည့် နိုင်ငံအကျိုးပြု သင်ကြားလေ့ကျင့်ပေးနိုင်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန်၊ Naypyitaw State Academy ကြီး အဆင့်မြင့်သည်ထက်မြင့်၊ ကောင်းသည်ထက်ကောင်းပြီး ကမ္ဘာ့အဆင့်မီ တက္ကသိုလ်ကြီးတစ်ခု အဖြစ် တက်လှမ်းနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

သီဆိုကပြဖျော်ဖြေ

ထို့နောက် မိတ္ထီလာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက ထိပ်တန်းတက္ကသိုလ်သီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေကြသည်။ ဆက်လက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ သည်အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး တက်ရောက်လာကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် Naypyitaw State Academy အတွင်းရှိ လက်တွေ့ခန်း၊ စာသင်ခန်းများ၊ စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုကြပြီး Naypyitaw State Academy ပုံစံငယ်အား ကြည့်ရှုကြသည်။

ထည့်သွင်းတည်ဆောက်ထား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ Naypyitaw State Academy ပုံစံငယ်ကို ကြည့်ရှုကြစဉ်။

အဆိုပါ Naypyitaw State Academy ကို နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ပညာတတ်လူငယ်များ မွေးထုတ်ပေးနိုင်ရေးရည်ရွယ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှုဖြင့် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်တွင် ယခုနှစ် ဧပြီလမှ စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ပညာသင်ကြားမှုများ အဆင်ပြေချောမွေ့စေရန်အတွက် စာသင်ဆောင်များ၊ စုဝေးခန်းမကြီး၊ သင်ကြားရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာရုံးခန်းများ၊ စာသင်ခန်းများ၊ ဓာတ်ခွဲခန်းများနှင့် စာကြည့်တိုက်တို့ကို ပြည့်စုံစွာဖြင့် ထည့်သွင်းတည်ဆောက်ထားရှိကာ နေပြည်တော်ရှိ အစိုးရဝန်ထမ်းများ၏ သားသမီးများ အပါအဝင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဒေသခံပြည်သူများ၏ သားသမီးများအနေဖြင့် အဆင့်မြင့် ပညာများကို သင်ကြားနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

နေပြည်တော်၌ Naypyitaw State Academy ဖွင့်လှစ်ပြီး အဆင့်မြင့်ပညာရေးအတွက် အားဖြည့်ပေးသကဲ့သို့ နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်များ၊ ကျောင်းများတွင်လည်း ပညာအဆင့်မြင့်သည်ထက် မြင့်မားလာအောင် ကြိုးပမ်းအားထုတ်ပြီး မြန်မာ့ပညာရေးကို မြှင့်တင်ပေးကြရန်၊ ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း နိုင်ငံတော်မှ ဖွင့်လှစ်ပေးသည့် Naypyitaw State Academy တွင် အဆင့်အတန်းမြင့်မားသည့် ပညာရပ်များကို သင်ယူပြီး မိမိအကျိုး၊ မိမိပတ်ဝန်းကျင်အကျိုး၊ မိမိဒေသ၊ မိမိနိုင်ငံတော်အကျိုးတို့ကို သယ်ပိုးထမ်းဆောင်သွားကြရန်၊ ယခုတက္ကသိုလ်ကြီးက ပညာရှင်ပညာတတ်များ စဉ်ဆက်မပြတ်မွေးထုတ်ပြီး အနာဂတ်ခေါင်းဆောင်များ၊ နိုင်ငံ့သားကောင်းများ ပေါ်ထွန်းလာအောင် ဆောင်ကြဉ်းပေးနိုင်မည့် နိုင်ငံအကျိုးပြု သင်ကြားလေ့ကျင့်ပေးနိုင်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန်၊ Naypyitaw State Academy ကြီး အဆင့်မြင့်သည်ထက်မြင့်၊ ကောင်းသည်ထက်ကောင်းပြီး ကမ္ဘာ့အဆင့်မီ တက္ကသိုလ်ကြီးတစ်ခု အဖြစ် တက်လှမ်းနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

Naypyitaw State Academy ဖွင့်ပွဲအခမ်းအနား ကျင်းပမှုပုံရိပ်များ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Naypyitaw State Academy အတွင်းရှိ လက်တွေ့ခန်းနှင့် စာကြည့်တိုက်တို့ကို ကြည့်ရှုစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Naypyitaw State Academy အတွင်း လှည့်လည်ကြည့်ရှုစဉ်။

Naypyitaw State Academy အဆောက်အအုံကို တွေ့ရစဉ်။

“Naypyitaw State Academy ကို နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ပညာတတ်လူငယ်များ မွေးထုတ်ပေးနိုင်ရေးရည်ရွယ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ လမ်းညွှန်မှုဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်တွင် ယခုနှစ်ပြီလမှ စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ပညာသင်ကြားမှုများ အဆင်ပြေချောမွေ့စေရန်အတွက် စာသင်ဆောင်များ၊ စုဝေးခန်းမကြီး၊ သင်ကြားရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာရုံးခန်းများ၊ စာသင်ခန်းများ၊ ဓာတ်ခွဲခန်းများနှင့် စာကြည့်တိုက်တို့ကို ပြည့်စုံစွာဖြင့် ထည့်သွင်းတည်ဆောက်ထားရှိကာ နေပြည်တော်ရှိ အစိုးရဝန်ထမ်းများ၏ သားသမီးများအပါအဝင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဒေသခံပြည်သူများ၏ သားသမီးများအနေဖြင့် အဆင့်မြင့်ပညာများကို သင်ကြားနိုင်မည်”

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၉

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာနခွဲ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်နှင့် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း၊ တွဲဖက် အထွေထွေအတွင်းရေးမှူး နိုင်ဝင်းလှ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်ဗညားလယ်တို့ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းတို့က နှုတ်ခွန်းဆက် အမှာစကားများ ပြောကြားကြသည်။ ထို့နောက် ယခင် ဒုတိယအကြိမ် ဆွေးနွေးခဲ့စဉ်က မပြီးပြတ်ဘဲ ဆက်လက်ဆွေးနွေးညှိနှိုင်းရန် ကျန်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ဇယား (၁) ပြည်ထောင်စုဥပဒေပြုစာရင်းနှင့် ဇယား (၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းတို့နှင့်ပတ်သက်၍ လည်းကောင်း၊ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)၊ (၂) နှင့် (၃)တို့ပါ သဘောတူညီချက်များအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ တည်ဆဲဥပဒေများနှင့် ကိုက်ညီမှု ရှိ/မရှိ လေ့လာစိစစ်ချက်များနှင့် ပတ်သက်၍ လည်းကောင်း ဆွေးနွေးပွဲ တက်ရောက်လာကြသူများက မိမိတို့၏သဘောထားများ၊ လိုလားချက်များကို အပြန်အလှန်ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားခဲ့သည်။ ဒုတိယနေ့ ဆွေးနွေးပွဲကို နိုဝင်ဘာ ၁၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အတွင်းရှိ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများအား ဇီဝဆိုင်ရာအချက်အလက်ကောက်ယူနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၉

ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အတွင်းရှိ ဌာနကြီးများနှင့် ဝန်ကြီးဌာနအသီးသီးရှိ ဝန်ထမ်းများအား e-ID စနစ်လုပ်ငန်း၏ လုပ်ငန်းစဉ်တစ်ခုဖြစ်သော ဇီဝဆိုင်ရာအချက်အလက်ကောက်ယူနိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က e-Government စနစ်၏အခြေခံအကျဆုံး လုပ်ငန်းတစ်ရပ်ဖြစ်သည့် e-ID စနစ်လုပ်ငန်းကို မိမိတို့ဝန်ကြီးဌာနက တာဝန်ယူ၍ ဆက်စပ်ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများပါဝင်သည့် အဖွဲ့ဝင် ၂၉ ဦးဖြင့် ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာတွင် အဓိကအားဖြင့် နိုင်ငံတွင်းနေထိုင်သူ အသက်(၁၀) နှစ်နှင့်အထက် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသား ပြုခွင့်ရသူ၊ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုသူ (PR)၊ အမြဲနေအခွန်ဆောင် နိုင်ငံခြားသားများ (FRC) စသည်တို့၏ ကိုယ်ရေးအချက်အလက် (Biographic Data) နှင့် ဇီဝဆိုင်ရာအချက်အလက် (Biometric Data)များ ကောက်ယူ၍ Database တွင် သိမ်းဆည်းပြီး Unique ID နံပါတ် (၈ဏန်း၁၀လုံး) သတ်မှတ် မှတ်ပုံတင်ထုတ်ပေးနိုင်ရေးပင် ဖြစ်ပါကြောင်း၊ e-ID စနစ်လုပ်ငန်းအတွက် လိုအပ်သည့် နည်းပညာနှင့် စက်ကိရိယာများဝယ်ယူ အသုံးပြုနိုင်ရေးအတွက်လည်း ကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ တိုင်းဒေသကြီး/ပြည်နယ် အသီးသီး၏ Biographic Data များဖြစ်သည့် နိုင်-၄ ကိုယ်ရေးအချက်အလက် ၅၂ သန်းကျော်နှင့် အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ (ဒ၆/ဒ) ၁၃ သန်းကျော်တို့ကို Database Server အတွင်း ထည့်သွင်းပြီးဖြစ်သည့်အတွက် လုပ်ငန်းစဉ်အလိုက် ဇီဝဆိုင်ရာအချက်အလက်များ (Biometric Data) ကောက်ယူနိုင်ရေး ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ယခုပြည်ထောင်စုနယ်မြေ (နေပြည်တော်) အတွင်းရှိ ဝန်ကြီးဌာနများမှ ဝန်ထမ်းများအား Biometric အချက်အလက်ကောက်ယူခြင်းနှင့်ပတ်သက်၍ ဝန်ကြီးဌာနအလိုက် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရေးအတွက် ယခုအစည်းအဝေးတွင် ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်ပြီး မရှင်းလင်းသည့်အချက်များကို ပွင့်ပွင့်လင်းလင်း မေးမြန်းဆွေးနွေးကြရန် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် e-ID စနစ်လုပ်ငန်းကော်မတီအတွင်းရေးမှူး ဒေါက်တာမျိုးသန့်က e-ID စနစ် လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို လည်းကောင်း၊ အီလက်ထရောနစ်မှတ်ပုံတင်စနစ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဟိန်းက ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အတွင်းရှိ ဌာနကြီးများနှင့်ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများအား ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူမည့်အစီအစဉ်နှင့် ဌာနအလိုက် စီစဉ်ဆောင်ရွက်ပေးရမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသည့်ဝန်ကြီးဌာနကိုယ်စားလှယ်များ သိရှိလိုသည်များ၊ မရှင်းလင်းသည့်အချက်အလက်များနှင့် လိုအပ်သည်များ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ရှင်းလင်း တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်ထောင်စုဝန်ကြီးက ယခုလုပ်ငန်းစဉ်သည် e-Government စနစ်၏ အခြေခံအကျဆုံးဖြစ်ပြီး နိုင်ငံတော်၏ ဒစ်ဂျစ်တယ်စနစ်ကူးပြောင်းရေးအတွက် မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်သည့် အတွက် အားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရေး နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

e-ID စနစ်သည် Unique ID နံပါတ်သတ်မှတ် မှတ်ပုံတင်ထုတ်ပေးနိုင်ရေး အတွက် ကိုယ်ရေးအချက်အလက် (Biographic Data) နှင့် ဇီဝဆိုင်ရာအချက်အလက် (Biometric Data) တို့ကို Database တွင် သိမ်းဆည်းဆောင်ရွက်ရခြင်းဖြစ်ပြီး နိုဝင်ဘာ ၁၄ ရက်မှ စတင်ကာ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အတွင်းရှိ ဌာနဆိုင်ရာ ရုံးဝန်ထမ်းများအား သတ်မှတ်ရက်အလိုက် ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နောက်ပိုင်းတွင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ သတ်မှတ်မြို့နယ်များ၌ ဆက်လက်ကောက်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မော်ဘီမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

မော်ဘီ နိုဝင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် နိုဝင်ဘာ ၉ ရက် နံနက် ၉ နာရီက မြို့နယ်အဆင့် ဌာနဆိုင်ရာများပါဝင်သော စစ်ကြောင်းကြီး ငါးကြောင်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရာတွင် မော်ဘီမြို့နယ် ရေပေါ်သဲ့ကျေးရွာ အုပ်စုရှိ လိပ်ချောင်းဘုန်းတော်ကြီးကျောင်းမွှာရုံ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဒေသကိုယ်စားပြု ဦးဝင်းစိုးက အဖွင့်အမှာစကားပြောကြားသည်။

နိုင်ငံရေးစစ်ကြောင်းမှ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်(၁) ဗိုလ်မှူးပြည့်စုံကျော်၊ အုပ်ချုပ်ရေး စစ်ကြောင်းမှ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်၊ လူမှုရေးစစ်ကြောင်းမှ ကျေးလက်ကျန်းမာရေးမှူး ဦးမျိုးဦးနှင့် ဒေသဖွံ့ဖြိုးရေးစစ်ကြောင်းမှ အငယ်တန်းအင်ဂျင်နီယာ (၂)ဒေါ်ဂျူလိုင်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ကျေးရွာသူ ကျေးရွာသားများ၏ သိရှိလိုသည်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊

အဖွဲ့ဝင်များက ၎င်းတို့တင်ပြသည့် အချက်အလက်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ကျန်းမာရေးဝန်ထမ်းများက နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ဥာဏ်ဟိန်း**

အာဆာအကြမ်းဖက်အဖွဲ့ရဲ့ နောက်ကွယ်ကရည်ရွယ်ချက်

ဇင်ငြိမ်း

အာဆာအကြမ်းဖက်အဖွဲ့ဟာ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံ အတွင်းမှာရှိတဲ့ ဒုက္ခသည်စခန်းအတွင်းမှာ အာဆာအဖွဲ့ရဲ့ ခြောက်နှစ်မြောက်နှစ်ပတ်လည်နေ့ ကျင်းပခဲ့တာကို တွေ့ရပါတယ်။ အဲဒါနဲ့ပတ်သက်လို့ ပွဲဦးဆောင်သူတွေအနက် နှစ်ဦးကို ဖမ်းဆီးစစ်ဆေးနေပြီး အခြားပါဝင်သူတွေကိုလည်း လိုက်လံရှာဖွေနေတယ်လို့ ဘင်္ဂလားဒေ့ရှ် ရဲတပ်ဖွဲ့မှ လက်ထောက်ရဲအုပ် Faruk Ahmed ကပြောကြားခဲ့ပါတယ်။ ဖမ်းဆီးခံထားရတဲ့သူနှစ်ဦးကတော့ Mohammad Joynal (၃၂ နှစ်)နဲ့ Bakkar Uddin (၁၉ နှစ်) တို့ ဖြစ်တယ်လို့ အောက်တိုဘာလ ၁၁ ရက်နေ့ Radio Free Asia သတင်းစာမျက်နှာမှာ ဖော်ပြထားပါတယ်။ သူတို့ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အူခီးယားနောက်ကွယ်မှာ ဘယ်သူတွေက ကြိုးကိုင်နေတယ်ဆိုတာကို ခန့်မှန်းနိုင်မှာ ဖြစ်ပါတယ်။

အာတာအူလာက ဦးဆောင်

မြန်မာ့အသွင်ကူးပြောင်းရေးနဲ့အတူ ၂၀၁၃ ခုနှစ်မှာ ပေါ်ပေါက်လာတဲ့ အာဆာအဖွဲ့ကို အာတာအူလာက ဦးဆောင်ခဲ့ပါတယ်။ အာတာအူလာဟာ ဆော်ဒီအာရေးဗီးယားမှာ နေထိုင်သူဖြစ်တယ်လို့ အိုင်စီကျီ (International Crisis Group) က ထုတ်ဝေတဲ့ "မြန်မာနိုင်ငံ ရခိုင်ပြည်နယ်တွင် အသစ်ထွက်ပေါ်လာသော သူပုန်ထမှူ" ဆိုတဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

အာတာအူလာကို ပါကစ္စတန်နိုင်ငံ ကရာချီမြို့မှာ မွေးဖွားခဲ့တာလို့ဆိုပါတယ်။ အာဆာစတင်ဖွဲ့တဲ့အချိန်တုန်းက အဖွဲ့ရဲ့ထိပ်တန်းခေါင်းဆောင်

> **ရခိုင်ပြည်နယ်က ဘင်္ဂလီကိစ္စကိုကြည့်ရင် အကွက်ကျကျစီစဉ်ဆောင်ရွက်ခဲ့တဲ့အထောက်အထားတွေကို တွေ့နိုင်ပါတယ်။ ၂၀၁၂ ခုနှစ်က ဖြစ်ခဲ့တဲ့ ရခိုင်ပြည်နယ်ကိစ္စအတွက် လတ်တလောပြဿနာတွေဖြေရှင်းရေး၊ ရေရှည်ဖြေရှင်းရေးတို့အတွက် ရခိုင်ပြည်နယ် ပဋိပက္ခများ စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ကို ၂၀၁၂ ခုနှစ် သြဂုတ်လ ၁၇ ရက်နေ့မှာ ဖွဲ့စည်းပေးခဲ့ပါတယ်။ အဲဒီကော်မရှင်အဖွဲ့မှာဆိုရင် ဘာသာပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံက ကိုယ်စားလှယ်တွေနဲ့ဖွဲ့စည်းထားတာဖြစ်လို့ အယူအဆ၊ ရှုထောင့်နဲ့သဘောထားမျိုးစုံပါဝင်ဖွဲ့စည်းထားတာကို တွေ့နိုင်ပါတယ်။ အဲဒီကော်မရှင်ရဲ့အစီရင်ခံစာမှာ ဆိုရင်လည်း လူမျိုးရေးပဋိပက္ခတွေ ပြေလည်ဖို့နဲ့ အဲဒီလိုပဋိပက္ခတွေ ထပ်မံမဖြစ်ပွားဖို့ ရေတို၊ ရေရှည် အကြံပြုတိုက်တွန်းထားတာတွေပါဝင်**

ဘာလူခါလီစခန်း နံပါတ် (၁၀) မှာ အောက်တိုဘာလ ၉ ရက်နေ့နဲ့ ၁၀ ရက်နေ့တို့က ဖမ်းဆီးရမိခဲ့တာလို့ သိရပါတယ်။

အာဆာအဖွဲ့ဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ခြေကုပ်ယူပြီး ရခိုင်ပြည်နယ်အတွင်းမှာ အကြမ်းဖက်တိုက်ခိုက်မှု၊ သတ်ဖြတ်မှုနဲ့ မူးယစ်ဆေးဝါးရောင်းဝယ်မှုတွေ လုပ်နေတဲ့အကြမ်းဖက် အဖွဲ့အစည်းပဲဖြစ်ပါတယ်။

ဝါဒဖြန့်တာလို့ ခန့်မှန်းရ

အာဆာအဖွဲ့အနေနဲ့ သူတို့ကို နိုင်ငံတကာက စိတ်ဝင်စားလာအောင် ယခုလို နှစ်ပတ်လည်နေ့ ကျင်းပပြီး ဝါဒဖြန့်တာလို့ ခန့်မှန်းရပါတယ်။ အာဆာအဖွဲ့ဟာ တကယ်တော့ ရခိုင်ပြည်နယ်မှာ ဖြစ်ခဲ့တဲ့အရေးအခင်းကို စတင်ခဲ့တဲ့အဖွဲ့လို့ ပြောနိုင်ပါတယ်။ အာဆာအဖွဲ့အနေနဲ့ မြန်မာနိုင်ငံအသွင်ကူးပြောင်းရေးနဲ့ အချိန်ကိုက် ၂၀၁၃ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့တာဖြစ်ပြီး စတင်ဖွဲ့စည်းတာကတော့ Harakah al-Yaqin အာရပ်စကားနဲ့ (ယုံကြည်ချက်အခြေခံလှုပ်ရှားမှု) လို့ အဓိပ္ပာယ်ရတဲ့ အမည်နဲ့တည်ထောင်ခဲ့ပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့မှာ ARSA (Arakan Rohingya Salvation Army) လို့ အမည်ပြောင်းလဲခဲ့ပါတယ်။

ပြောင်းလဲလိုက်တဲ့နာမည်ကို ကြည့်ရင် ရည်ရွယ်ချက်ကို ခန့်မှန်းနိုင်ပြီဖြစ်ပါတယ်။ အာဆာအဖွဲ့ စတင်ဖွဲ့စည်းတဲ့အချိန်၊ တိုက်ခိုက်မှု၊ နာမည်ပြောင်းလဲမှုနဲ့ နောက်ခံအခြေအနေတွေကို ဆက်စပ်ကြည့်ရင် အာဆာအဖွဲ့ ဘာကြောင့်ပေါ်ပေါက်လာတယ်၊ ဘာကိုရည်ရွယ်တယ်၊ ဘယ်သူတွေက ကျောထောက်နောက်ခံ ပြုပေးထားတယ်နဲ့ ၂၀ ခန့်ဟာ မက္ကာမှာ ရုံးထိုင်ပြီး မက်ဒီနာမှာလည်း အနည်းဆုံး ကော်မတီဝင်တစ်ယောက် ရုံးထိုင်ကြောင်း အိုင်စီကျီအစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ဒါကိုကြည့်ရင် အာဆာအဖွဲ့ဟာ ၂၀၁၁ ခုနှစ် မြန်မာနိုင်ငံမှာပေါ်ပေါက်လာတဲ့ နိုင်ငံရေးအခွင့်အလမ်းသစ်တွေကို အသုံးချလိုတဲ့နိုင်ငံတွေနဲ့ အဖွဲ့အစည်းတွေက အာဆာအဖွဲ့ကို မွေးထုတ်ပေးခဲ့တာပါပဲ။

ရခိုင်ပြည်နယ်မှာ ဘင်္ဂလီအရေးကို အကြောင်းပြပြီး အမြတ်ထုတ်လိုတဲ့ နိုင်ငံတွေနဲ့ အဖွဲ့အစည်းတွေက ခါတော်မီအာဆာအဖွဲ့ကို သူတို့နဲ့နီးစပ်တဲ့ နိုင်ငံတွေမှာအခြေပြုပြီး စင်တင်ခဲ့ကြပါတယ်။ ဒါကြောင့်လည်း အာဆာအဖွဲ့ဟာ ၂၀၁၂ ခုနှစ် နောက်ပိုင်းကတည်းက ဘင်္ဂလီရွာတွေမှာ သတ်တန်းတွေပေးခဲ့ကြတယ်လို့ အိုင်စီကျီက ထုတ်ဖော်ထားပါတယ်။ စိတ်ဝင်စားစရာကောင်းတာက သင်တန်းပေးတဲ့သူတွေပဲ ဖြစ်ပါတယ်။ သင်တန်းပေးတဲ့သူတွေက ဝါရင့်ဘင်္ဂလီတွေ၊ ပါကစ္စတန်နဲ့ အာဖဂန်နစ္စတန်တို့မှာ အတွေ့အကြုံရှိခဲ့ဖူးသူတွေ ဖြစ်နေလို့ပါပဲ။ ထူးခြားမှုက နိုင်ငံတကာမှာရှိတဲ့ ဘင်္ဂလီတွေနဲ့ မွတ်စလင်တွေရဲ့ လှူဒါန်းငွေတွေကို အာဆာအဖွဲ့က လက်ခံရရှိနေတယ်ဆိုတာပဲဖြစ်ပါတယ်။ ဒီအချက်ဟာ အခုမြန်မာနိုင်ငံမှာဖြစ်နေတဲ့ ဘင်္ဂလီအရေးကိစ္စရဲ့ အရင်းခံအကြောင်းတရားဖြစ်သလို အာဆာအဖွဲ့ဆိုတာ ဘာရည်ရွယ်ချက်နဲ့ ရပ်တည်သလဲဆိုတာရဲ့ အဖြေပဲဖြစ်ပါတယ်။

အကွက်ကျကျစီစဉ်ဆောင်ရွက်ခဲ့

ရခိုင်ပြည်နယ်က ဘင်္ဂလီကိစ္စကိုကြည့်ရင် အကွက်ကျကျစီစဉ်ဆောင်ရွက်ခဲ့တဲ့ အထောက်အထားတွေကို တွေ့နိုင်ပါတယ်။ ၂၀၁၂ ခုနှစ်က ဖြစ်ခဲ့တဲ့ ရခိုင်ပြည်နယ်ကိစ္စအတွက် လတ်တလောပြဿနာတွေဖြေရှင်းရေး၊ ရေရှည်ဖြေရှင်းရေးတို့အတွက် ရခိုင်ပြည်နယ် ပဋိပက္ခများ စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ကို ၂၀၁၂ ခုနှစ် သြဂုတ်လ ၁၇ ရက်နေ့မှာ ဖွဲ့စည်းပေးခဲ့ပါတယ်။ အဲဒီကော်မရှင်အဖွဲ့မှာဆိုရင် ဘာသာပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံက ကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းထားတာဖြစ်လို့ အယူအဆ၊ ရှုထောင့်နဲ့ သဘောထားမျိုးစုံပါဝင်ဖွဲ့စည်းထားတာကို တွေ့နိုင်ပါတယ်။ အဲဒီကော်မရှင်ရဲ့အစီရင်ခံစာမှာဆိုရင်လည်း လူမျိုးရေးပဋိပက္ခတွေ ပြေလည်ဖို့နဲ့ အဲဒီလိုပဋိပက္ခတွေ ထပ်မံမဖြစ်ပွားဖို့ ရေတို၊ ရေရှည် အကြံပြုတိုက်တွန်းထားတာတွေ ပါဝင်ပါတယ်။

ဒါပေမဲ့ ၂၀၁၆ ခုနှစ် အစိုးရအပြောင်းအလဲမှာ ယခင်အစိုးရလက်ထက်က ရခိုင်ပြည်နယ် ပဋိပက္ခများ စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ အစီရင်ခံစာကို ပစ်ပယ်ပြီး ရခိုင်ပြည်နယ်အတွင်းကိစ္စရပ်တွေကို ဖြေရှင်းရာမှာ အကြံပေးနိုင်ဖို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ၂၀၁۶ ခုနှစ် စက်တင်ဘာလမှာ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီး အဲဒီကော်မရှင်ကို ကုလသမဂ္ဂအတွင်းရေးမှူး ချုပ်ဟောင်း ကိုဖီအာနန်ကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးခဲ့ပါတယ်။

ဒီလိုဖွဲ့စည်းပေးလိုက်မှုကြောင့် မြန်မာနိုင်ငံ အပေါ်အမြတ်ထုတ်ဖို့ ချောင်းနေတဲ့ နိုင်ငံတွေနဲ့ အဖွဲ့အစည်းတွေရဲ့ ကျေနှာကွင်းထဲ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်သွားခဲ့ပါတယ်။ ကိုဖီအာနန် ကော်မရှင်ဖွဲ့ပြီးတာနဲ့တစ်ပြိုင်နက် ၂၀၁۶ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့မှာ အာဆာအင်အား ၄၀၀ ခန့်က ရခိုင်ပြည်နယ်က မောင်တောနဲ့ ရသေ့တောင်မြို့နယ်တွေမှာရှိတဲ့ ရဲကင်းစခန်းသုံးခုကို တစ်ပြိုင်နက်တည်း တိုက်ခိုက်မှုတွေလုပ်ခဲ့လို့ ရဲတပ်ဖွဲ့ဝင် ကိုးဦးနဲ့ အရပ်သား ၁၀၀ ကျော်သေဆုံးခဲ့ရပါတယ်။

ဒီဖြစ်စဉ်ကိုကြည့်ရင် ကိုဖီအာနန်ဦးဆောင်တဲ့ ကော်မရှင်ဖွဲ့စည်းတာနဲ့ အာဆာအဖွဲ့တို့ တိုက်ခိုက်တာ ချိန်ကိုက်ထားသလို တွေ့ရမှာဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံကို ဖိအားပေးနိုင်တဲ့ လမ်းစရဖို့အတွက် အာဆာအဖွဲ့ကို အသုံးချဖော်ဆောင်သွားတာလို့ ပြောနိုင်ပါတယ်။ အာဆာအဖွဲ့ကို အသုံးချနိုင်ဖို့အတွက် လက်သပ်မွေးခဲ့တာကို အိန္ဒိယအခြေစိုက် Economic Times သတင်းစာမှာ ၂၀၂၀ ပြည့်နှစ် သြဂုတ်လ ၁၇ ရက်နေ့က ဖော်ပြထားတာကို တွေ့ရပါတယ်။ အာဆာအကြမ်းဖက်အဖွဲ့ကို ပါကစ္စတန် အမျိုးသားထောက်လှမ်းရေးအေဂျင်စီ (ISI) က လေ့ကျင့်သင်ကြားပေးနေတာလို့ သတင်းစာမှာ ဖော်ပြထားပါတယ်။ ဒုံအပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့စ်ဘဇားခရိုင်ဒုက္ခသည်စခန်းမှာရှိတဲ့ ဘင်္ဂလီတွေကို အကြမ်းဖက်အဖွဲ့လို့ ဘင်္ဂလားဒေ့ရှ်အစိုးရက သတ်မှတ်ထားတဲ့ ဂျမားဘူမူဂါဟစ်ဒင်ဘင်္ဂလားဒေ့ရှ် (JMB) အဖွဲ့က လေ့ကျင့်သင်ကြားပေးခဲ့တယ်လို့ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလသတင်းတွေမှာ ဖော်ပြထားပါတယ်။

အဲဒီအဖွဲ့တွေကို ပင်လယ်ကွေ့နိုင်ငံတစ်နိုင်ငံနဲ့ မလေးရှားတို့က အမေရိကန်ဒေါ်လာ ၁၁၇၀၀၀ ထောက်ပံ့မှုနဲ့ JMB အဖွဲ့က ဘင်္ဂလီအယောက် ၄၀ ကို လေ့ကျင့်သင်ကြားပေးခဲ့တာလို့ DW သတင်းမှာ ဖော်ပြထားပါတယ်။ အဲဒီသတင်းမှာပဲ ပါကစ္စတန် အမျိုးသားထောက်လှမ်းရေးအေဂျင်စီ (ISI) ဟာ လေ့ကျင့်သင်ကြားပေးမှု နောက်ကွယ်မှာ ရှိနေကြောင်းဖော်ပြထားပြီး အိန္ဒိယအစိုးရက ဘင်္ဂလားဒေ့ရှ်အစိုးရအရာရှိတွေနဲ့ နယ်စပ်လုံခြုံရေးအရာရှိတွေကို အသိပေးထားကြောင်းလည်း ဖော်ပြထားပြီး ISI ပါဝင်နိုင်ကြောင်း ဘရပ်ဆဲလ်မြို့မှာ အခြေစိုက်တဲ့ တောင်အာရှဒီမိုကရက်တစ်ဖိုရမ်မှ အကဲခတ်သူ ဆစ်ဖရိုင်းအိုဝုလ်ဖ်က ပြောကြားခဲ့ပါတယ်။

စာမျက်နှာ ၉ သို့ ❄

> **ဒီဖြစ်စဉ်ကိုကြည့်ရင် ကိုဖီအာနန်ဦးဆောင်တဲ့ကော်မရှင်ဖွဲ့စည်းတာနဲ့ အာဆာအဖွဲ့တို့ တိုက်ခိုက်တာ ချိန်ကိုက်ထားသလို တွေ့ရမှာဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံကို ဖိအားပေးနိုင်တဲ့ လမ်းစရဖို့အတွက် အာဆာအဖွဲ့ကို အသုံးချဖော်ဆောင်သွားတာလို့ ပြောနိုင်ပါတယ်။ အာဆာအဖွဲ့ကို အသုံးချနိုင်ဖို့အတွက် လက်သပ်မွေးခဲ့တာကို အိန္ဒိယအခြေစိုက် Economic Times သတင်းစာမှာ ၂၀၂၀ ပြည့်နှစ် သြဂုတ်လ ၁၇ ရက်နေ့က ဖော်ပြထားတာကို တွေ့ရပါတယ်။ အာဆာအကြမ်းဖက်အဖွဲ့ကို ပါကစ္စတန်အမျိုးသားထောက်လှမ်းရေးအေဂျင်စီ (ISI) က လေ့ကျင့်သင်ကြားပေးနေတာလို့ သတင်းစာမှာဖော်ပြထားပါတယ်။ ဒုံအပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့စ်ဘဇားခရိုင်ဒုက္ခသည်စခန်းမှာရှိတဲ့ ဘင်္ဂလီတွေကို အကြမ်းဖက်အဖွဲ့လို့ ဘင်္ဂလားဒေ့ရှ်အစိုးရက သတ်မှတ်ထားတဲ့ ဂျမားဘူမူဂါဟစ်ဒင်ဘင်္ဂလားဒေ့ရှ် (JMB) အဖွဲ့က လေ့ကျင့်သင်ကြားပေးခဲ့တယ်လို့ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ သတင်းတွေမှာဖော်ပြထား**

မြန်မာ-ရုရှား လယ်ယာကုန်ထုတ်လုပ်မှုဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၉

မြန်မာ-ရုရှား လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၃ နာရီခွဲက နေပြည်တော် ရုံးအမှတ်(၁၅) အစည်းအဝေးခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင်ထွဋ်ဦး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူး မစ္စတာ အလက်ဇန်းဒါးဆာဂီးအ်ဗဲရ် ရှာတီရော့ဗ်နှင့်အဖွဲ့တို့ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ လယ်ယာ ကုန်ထုတ်လုပ်မှုတွင် ရုရှားနိုင်ငံ ပုဂ္ဂလိကလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်မှု အခြေအနေများ၊ နှစ်နိုင်ငံ၏ လယ်ယာသားငါးဆိုင်ရာ ကုန်သွယ်မှု အခွင့်အလမ်းများ၊ လယ်ယာသွင်းအားစု လုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံပြန်တမ်း

အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ ဥက္ကဋ္ဌရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်အောင်အား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

မြန်မာနိုင်ငံပြန်တမ်း

အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ ရုံးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်ခိုင်ခိုင်အောင်အား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

❊ စာမျက်နှာ ၈ မှ

ဒီသတင်းဖော်ပြချက်တွေကိုကြည့်ရင် အာဆာအဖွဲ့ကို အသုံးချပြီး မြန်မာနိုင်ငံရဲ့ပြည်တွင်းရေးကို ဖိအားပေးဖို့နဲ့ ရခိုင်ပြည်နယ်အတွင်းက ဘင်္ဂလီအခွင့်အရေးတွေရဖို့ဆိုတာ ထင်ထင်ရှားရှားတွေ့ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအပေါ် နိုင်ငံတကာ ဖိအားတွေပေးဖို့အတွက် အာဆာအဖွဲ့ဟာ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ရက်နေ့နောက်ပိုင်းကစပြီး ရခိုင်ပြည်နယ်က မောင်တောမှာ ဘူးသီးတောင်နဲ့ ရသေ့တောင်မြို့နယ်တွေမှာ အာဆာအဖွဲ့အနေနဲ့ တစ်စတစ်စအင်အားတိုးပွားလာခဲ့ပါတယ်။ ဒေသခံတိုင်းရင်းသားတွေကို ခြိမ်းခြောက်တာ၊ သွေးဆောင်စည်းရုံးတာတွေအပြင် အစိုးရရဲ့သတင်းပေးလို့ သံသယရှိသူတွေကိုသုတ်သင်တာ စတဲ့အကြမ်းဖက်လုပ်ရပ်တွေကို ဆက်တိုက်ပြုလုပ်လာခဲ့ကြပါတယ်။ International Crisis Group ရဲ့ အစီရင်ခံစာမှာ ဖော်ပြချက်တွေနဲ့ အခြားသတင်းတွေအရ အာဆာအဖွဲ့အနေနဲ့ အာဖဂန်နဲ့ ပါကစ္စတန်စစ်သွေးကြွ အုပ်စုတွေဆီကနေ လက်နက်နဲ့ဖောက်ခွဲရေး သင်တန်း အကူအညီတွေရခဲ့တယ်လို့ သိရပါတယ်။

တိုက်ဆိုင်နေတာတွေ့ရ

ဒုတိယပြင် အာဆာအဖွဲ့ဟာ မြန်မာနိုင်ငံအတွင်း အခြေအနေမတည်ငြိမ်ဖို့နဲ့ သူတို့ဆင်ထားတဲ့ အကွက်ထဲရောက်ဖို့အတွက် ၂၀၁၇ ခုနှစ် သြဂုတ်လ ၂၅ ရက်နေ့မှာ ထပ်မံတိုက်ခိုက်မှုတွေ လုပ်ခဲ့ပါတယ်။ အဲဒီတိုက်ခိုက်မှုဟာလည်း ကိုဖီအာနန်ဦးဆောင်တဲ့ အကြံပေးကော်မရှင်ရဲ့ အစီရင်ခံစာတင်သွင်းတဲ့ အချိန်နဲ့ အုံ့သြစရာကောင်းလောက်အောင် တိုက်ဆိုင်နေတာတွေ့ရပါတယ်။

ဒီတော့ ၂၀၁၆ ခုနှစ်မှာ အကြံပေးကော်မရှင်ဖွဲ့စည်းတာနဲ့ အာဆာ စတင်တိုက်ခိုက်တာ အချိန်ကိုက်ဖြစ်နေသလို ၂၀၁၇ ခုနှစ် အကြံပေးကော်မရှင်ရဲ့ အစီရင်ခံစာတင်သွင်းချိန်နဲ့ အာဆာအဖွဲ့ တိုက်ခိုက်တာဟာ အချိန်ကိုက်ဖြစ်နေပြန်ပါတယ်။ ဒါဟာ အကွက်ချစီမံထားတဲ့ အစီအစဉ်တစ်ခုဖြစ်တယ်ဆိုတာ ခိုင်ခိုင်မာမာကောက်ချက်ချလို့ ရပါတယ်။ ၂၀၁၇ ခုနှစ် သြဂုတ်လတိုက်ခိုက်မှုမှာတော့ အာဆာအဖွဲ့ အင်အားထောင်ပေါင်းများစွာက ရခိုင်ပြည်နယ်မြောက်ပိုင်းမှာရှိတဲ့ ရဲကင်းစခန်း ၃၀ ကျော်နဲ့ ရွာတွေအပြင် တပ်စခန်းတွေကို တစ်ပြိုင်နက်တည်း တိုက်ခိုက်ခဲ့ကြပါတယ်။ တိုက်ခိုက်မှုတွေ ကျယ်ကျယ်ပြန့်ပြန့်လုပ်ခဲ့တာကိုကြည့်ရင် အာဆာအနေနဲ့ မောင်တောဒေသကို သိမ်းပိုက်ဖို့လို့ ခန့်မှန်းနိုင်ပါတယ်။

အဲဒီလို ရခိုင်ပြည်နယ် မောင်တောဒေသမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့ကနေ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့အထိ အာဆာ အကြမ်းဖက်သမားတွေရဲ့ တိုက်ခိုက်မှုကြောင့် စက်တင်ဘာလ ၂၆ ရက်နေ့အထိ ဟိန္ဒူဘာသာဝင်တွေ၊ ရခိုင်တိုင်းရင်းသားတွေ၊ ဒိုင်းနက်၊ မြို့၊ နိုင်ငံဝန်ထမ်းတွေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ အပြစ်မဲ့ပြည်သူတွေအပါအဝင် ၈၄ ဦးသေဆုံးခဲ့ပြီး အပြစ်မဲ့ပြည်သူ ၅၄ ဦး ပျောက်ဆုံးခဲ့ကြောင်းလည်း အစိုးရက ထုတ်ပြန်ခဲ့ပါတယ်။

အာဆာရဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေကြောင့် မြန်မာနိုင်ငံအကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုကော်မတီက ၎င်းအဖွဲ့ကို အကြမ်းဖက်အဖွဲ့ အဖြစ် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သတ်မှတ်ခဲ့ပါတယ်။ ဒုတိယပြင် အာဆာအဖွဲ့ကို အကြမ်းဖက်အဖွဲ့အဖြစ် မလေးရှားနိုင်ငံကလည်း သတ်မှတ်ခဲ့ပါတယ်။ အကြမ်းဖက်လုပ်ရပ်တွေနဲ့ ရောက်အကြမ်းဖက်သမားတွေရဲ့ တိုက်ခိုက်မှုကြောင့် စက်တင်ဘာလ ၂၆ ရက်နေ့အထိ ဟိန္ဒူဘာသာဝင်တွေ၊ ရခိုင်တိုင်းရင်းသားတွေ၊ ဒိုင်းနက်၊ မြို့၊ နိုင်ငံဝန်ထမ်းတွေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ အပြစ်မဲ့ပြည်သူတွေအပါအဝင် ၇၉ ဦး ပျောက်ဆုံးခဲ့ကြောင်းလည်း အစိုးရက ထုတ်ပြန်ခဲ့ပါတယ်။

ဒေသဆုံးသူ ၁၆၃ ဦး၊ ပျောက်ဆုံးနေသူ ၉၁ ဦး စုစုပေါင်း ၂၅၄ ဦး ရှိကြောင်း အစိုးရက ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့က သတင်းထုတ်ပြန်ခဲ့ပါတယ်။ ဒုတိယပြင် မောင်တောဒေသမှာပဲ အာဆာ အကြမ်းဖက်သမားတွေ စီးနင်းတိုက်ခိုက်မှုကြောင့် ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့မှ ၂၀၁၇ ခုနှစ် သြဂုတ်လ ၂၄ ရက်နေ့အထိ ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ စာကြည့်တိုက်မှူး၊ နိုင်ငံ့ဝန်ထမ်းတွေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ အပြစ်မဲ့ပြည်သူတွေအပါအဝင် ၇၉ ဦး သေဆုံးခဲ့ပြီး အကြမ်းဖက်သမားတွေ ဖမ်းဆီးခေါ်ဆောင်သွားတဲ့ အတွက် အပြစ်မဲ့ပြည်သူ ၃၇ ဦး ပျောက်ဆုံးခဲ့ကြောင်းလည်း အဲဒီထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

> **“အာဆာအဖွဲ့ဟာ ဘင်္ဂလီတွေကို မြန်မာနိုင်ငံထဲကနေ ထွက်ပြေးသွားအောင်လုပ်ခဲ့သလို မြန်မာနိုင်ငံထဲ ပြန်ဝင်မလာအောင်လည်း လုပ်နေပါတယ်။ မြန်မာနိုင်ငံက ထွက်ပြေးသွားတဲ့သူတွေ ပြန်လည်လက်ခံဖို့ လုပ်ဆောင်ပေးခဲ့ပေမယ့် တရားဝင်ပြန်မလာရဲကြပါဘူး။ ခိုးဝင်နေသူတွေတော့ ရှိနေပါတယ်။ ဒါကြောင့်လည်း ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့ (၇၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ ဥပဒေရေးရာကော်မတီ (ဆဋ္ဌမကော်မတီ) ပဉ္စမအကြိမ်အစည်းအဝေးမှာ မြန်မာကိုယ်စားလှယ်က အာဆာအကြမ်းဖက်အဖွဲ့ရဲ့ ခြိမ်းခြောက်မှုတွေကြောင့် ရခိုင်ပြည်နယ်ကနေ နေရပ်စွန့်သူတွေ နေရပ်ပြန်ရေးကိုလည်း အတားအဆီး ဖြစ်နေစေတယ်လို့ ပြောခဲ့ပါတယ်။**

အာဆာအကြမ်းဖက်သမားတွေက နေရပ်ပြန်ဖို့ ဆန္ဒထုတ်ဖော်ပြောဆိုသူတွေရဲ့ အသက်အန္တရာယ်ကိုတောင် ခြိမ်းခြောက်လျက်ရှိတယ်လို့လည်း ပြောခဲ့ပါတယ်။ ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့က ဘင်္ဂလီးဒေ့ရ်နိုင်ငံ အိုကီးယားဒုက္ခသည်စခန်းမှ ဒုက္ခသည်ခေါင်းဆောင်တစ်ဦးဖြစ်သူ Mohibullah အသတ်ခံရပြီးနောက် အာဆာအဖွဲ့ အတွင်းမှာ နှစ်ခြိမ်းကွဲသွားခဲ့ပြီး ထောက်ခံမှုတွေ လျော့ကျသွားခဲ့တယ်ဆိုတဲ့ သတင်းတွေကိုလည်း တွေ့ရပါတယ်။ ဒါဟာ အာဆာအဖွဲ့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ဘယ်သူမှလက်မခံတော့ဘူးဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။

အခုအချိန်မှာ အာဆာအဖွဲ့အနေနဲ့ စစ်ဆင်ရေးလှုပ်ရှားဖို့ထက် ဘင်္ဂလီတွေ မြန်မာနိုင်ငံထဲ ပြန်မသွားဖို့အတွက် အကြမ်းဖက်နည်းလမ်းတွေ သုံးပြီး လုပ်နေမှာပဲဖြစ်ပါတယ်။ ဒါမှ သူတို့ကို ကြိုးကိုင်နေသူတွေအလိုကျဖြစ်ပြီး သူတို့လည်း အထောက်အပံ့ ရရှိမှာဖြစ်ပါတယ်။ ဒုတိယပြင် ဘင်္ဂလီးဒေ့ရ်နိုင်ငံက တာဝန်ရှိသူတွေကိုယ်တိုင် အာဆာအဖွဲ့ သူတို့နိုင်ငံထဲမှာ ခြေကုပ်ယူပြီး အကြမ်းဖက်လုပ်ရပ်တွေ လုပ်နေတာသိလျက်နဲ့ မျက်ကွယ်ပြုနေတာဟာ အာဆာအဖွဲ့နဲ့ သူတို့ကိုယ်တိုင်မကင်းဘူးဆိုတာ ပြသနေတာပဲဖြစ်ပါတယ်။ ။

ဒုက္ခသည်တွေ မြန်မာနိုင်ငံကို မပြန်နိုင်ဖို့ ခြိမ်းခြောက်

အာဆာအဖွဲ့အနေနဲ့ ဒုက္ခသည်တွေ မြန်မာနိုင်ငံကို မပြန်နိုင်ဖို့အတွက် ခြိမ်းခြောက်တာ၊ သတ်ဖြတ်တာတွေ လုပ်ဆဲပါပဲ။ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ် စက်တင်ဘာလက ဘင်္ဂလီးဒေ့ရ်နိုင်ငံ ကုတုပါလောင် ဒုက္ခသည်စခန်းက ဘင်္ဂလီခေါင်းဆောင် မိုဟစ်အူလာသတ်ဖြတ်ခံခဲ့ရပါတယ်။ အာဆာအဖွဲ့က မိုဟစ်အူလာကိုသတ်ဖြတ်ဖို့ အမိန့်ပေးခဲ့တာ ဖြစ်တယ်လို့ ဘင်္ဂလီးဒေ့ရ်ရဲတပ်ဖွဲ့က ပထမဆုံး အကြိမ် ထုတ်ဖော်ပြောဆိုလိုက်တယ်လို့ AFP ရဲ့ သူများကြိုးဆွဲရာကခဲ့တဲ့ အာဆာအဖွဲ့ဟာ အခုဆိုရင် ထောက်ခံမှုကျဆင်းနေပြီး အင်အားလည်း ချည့်နဲ့နေပြီဖြစ်ပါတယ်။

ဘင်္ဂလီးဒေ့ရ်ရဲတပ်ဖွဲ့ကတော့ ဒုက္ခသည်ခေါင်းဆောင်ကို သတ်ဖြတ်ခဲ့ကြောင်း ဝန်ခံခဲ့ပြီးပြီ ဖြစ်ပါတယ်။ ဒုက္ခသည်ခေါင်းဆောင်ကို ဘယ်ကြောင့် ဘယ်လို ဘယ်သူ ဘယ်အချိန်မှာ ဘယ်နေရာမှာ ဘယ်လို ပုံစံနဲ့ ဘယ်လောက်ပြင်းထန်တဲ့ ဒဏ်ခတ်ခံရတယ်ဆိုတာ ကျွန်တော်တို့ ကြားသိခဲ့ရတာ ရှေ့ဆက်ပြီး ထပ်ရေးပေးပါမယ်။

ဒုတိယပြင် ဒုက္ခသည်ခေါင်းဆောင်ကို ဘင်္ဂလီးဒေ့ရ်ရဲတပ်ဖွဲ့ကတော့ ဝန်ခံပြောကြားထားတာ တွေ့ရပါတယ်။

“ဒုက္ခသည်တွေ ရောက်လာကတည်းက လက်နက်နဲ့ မူးယစ်ဆေးကုန်သည်တွေ ရောက်လာတာများလာတယ်လို့ ကော့စ်ဘဇားဒေသခံ ရဲတပ်ဖွဲ့အကြီးအကဲ တိုဖယ်အာမက်က ဝန်ခံပြောကြားခဲ့ပါတယ်။ “တချို့အုပ်စုတွေက စခန်းအတွင်း မတည်ငြိမ်အောင် လှုံ့ဆော်နေတယ်လို့ အများအပြားက စွပ်စွဲကြတယ်။ ဒါက သူတို့တွေ နေရပ်ပြန်ရေးအစီအစဉ်ကို ဟန့်တားနှောင့်ယှက်နေတဲ့ ပုံစံပဲ” လို့လည်း တိုဖယ်အာမက်က ပြောခဲ့ပါတယ်။

အာဆာအဖွဲ့ဟာ ဘင်္ဂလီတွေကို မြန်မာနိုင်ငံထဲကနေ ထွက်ပြေးသွားအောင်လုပ်ခဲ့သလို မြန်မာနိုင်ငံထဲ ပြန်ဝင်မလာအောင်လည်း လုပ်နေပါတယ်။ မြန်မာနိုင်ငံက ထွက်ပြေးသွားတဲ့သူတွေ ပြန်လည်လက်ခံဖို့ လုပ်ဆောင်ပေးခဲ့ပေမယ့် တရားဝင်ပြန်မလာရဲကြပါဘူး။ ခိုးဝင်နေသူတွေတော့ ရှိနေပါတယ်။ ဒါကြောင့်လည်း ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့ (၇၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ ဥပဒေရေးရာကော်မတီ (ဆဋ္ဌမကော်မတီ) ပဉ္စမအကြိမ်အစည်းအဝေးမှာ မြန်မာကိုယ်စားလှယ်က အာဆာအကြမ်းဖက်အဖွဲ့ရဲ့ ခြိမ်းခြောက်မှုတွေကြောင့် ရခိုင်ပြည်နယ်ကနေ နေရပ်စွန့်သူတွေ နေရပ်ပြန်ရေးကိုလည်း အတားအဆီး ဖြစ်နေစေတယ်လို့ ပြောခဲ့ပါတယ်။

အာဆာအကြမ်းဖက်သမားတွေက နေရပ်ပြန်ဖို့ ဆန္ဒထုတ်ဖော်ပြောဆိုသူတွေရဲ့ အသက်အန္တရာယ်ကိုတောင် ခြိမ်းခြောက်လျက်ရှိတယ်လို့လည်း ပြောခဲ့ပါတယ်။ ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့က ဘင်္ဂလီးဒေ့ရ်နိုင်ငံ အိုကီးယားဒုက္ခသည်စခန်းမှ ဒုက္ခသည်ခေါင်းဆောင်တစ်ဦးဖြစ်သူ Mohibullah အသတ်ခံရပြီးနောက် အာဆာအဖွဲ့ အတွင်းမှာ နှစ်ခြိမ်းကွဲသွားခဲ့ပြီး ထောက်ခံမှုတွေ လျော့ကျသွားခဲ့တယ်ဆိုတဲ့ သတင်းတွေကိုလည်း တွေ့ရပါတယ်။ ဒါဟာ အာဆာအဖွဲ့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ဘယ်သူမှလက်မခံတော့ဘူးဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။

အခုအချိန်မှာ အာဆာအဖွဲ့အနေနဲ့ စစ်ဆင်ရေးလှုပ်ရှားဖို့ထက် ဘင်္ဂလီတွေ မြန်မာနိုင်ငံထဲ ပြန်မသွားဖို့အတွက် အကြမ်းဖက်နည်းလမ်းတွေ သုံးပြီး လုပ်နေမှာပဲဖြစ်ပါတယ်။ ဒါမှ သူတို့ကို ကြိုးကိုင်နေသူတွေအလိုကျဖြစ်ပြီး သူတို့လည်း အထောက်အပံ့ ရရှိမှာဖြစ်ပါတယ်။ ဒုတိယပြင် ဘင်္ဂလီးဒေ့ရ်နိုင်ငံက တာဝန်ရှိသူတွေကိုယ်တိုင် အာဆာအဖွဲ့ သူတို့နိုင်ငံထဲမှာ ခြေကုပ်ယူပြီး အကြမ်းဖက်လုပ်ရပ်တွေ လုပ်နေတာသိလျက်နဲ့ မျက်ကွယ်ပြုနေတာဟာ အာဆာအဖွဲ့နဲ့ သူတို့ကိုယ်တိုင်မကင်းဘူးဆိုတာ ပြသနေတာပဲဖြစ်ပါတယ်။ ။

မဏိရတနာကျောက်စိမ်းခန်းမ၌ နိုင်ငံကျော်တေးသံရှင်များနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှတေးသံရှင်များက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအား ဖျော်ဖြေတင်ဆက်

နေပြည်တော် နိုဝင်ဘာ ၉

နိုင်ငံတော်အစိုးရ၏ ယန္တရားကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် ကျရာကဏ္ဍမှ တာဝန်သိစိတ်ဖြင့် ဆောင်ရွက်နေကြသည့် ဝန်ထမ်းများကို စိတ်လက်ပေါ့ပါးစွာ အပန်းဖြေပျော်ရွှင်မှု ရရှိစေရန် ရည်ရွယ်ချက်ဖြင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ အားပေးမြှင့်တင်မှုတစ်ခုအဖြစ် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတ အဖွဲ့နှင့်အတူ နိုင်ငံကျော်တေးသံရှင်များ၊ မြန်မာ့အသံမှ တေးသံရှင်များက နေပြည်တော်ရှိ ဝန်ကြီးဌာနများသို့ လှည့်လည်ဖျော်ဖြေလျက်ရှိသည်။

အဆိုပါဖျော်ဖြေပွဲကို ယနေ့ညနေပိုင်းက နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် နိုင်ငံကျော်အဆိုတော် မြန်မာပြည်သိန်းတန်၊ သရုပ်ဆောင် တေးသံရှင်များ ဖြစ်ကြသည့် မိုးယံဇွန်၊ ဝေလျှံ၊ ဝင်းသပြေထွန်း၊ ပန်းသော်တာတို့နှင့်အတူ ရောက်ရှိလာရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ကျောက်မျက်လုပ်ငန်းရှင်များ အသင်းမှ အသင်းသား အသင်းသူများ၊ ဝန်ထမ်းမိသားစုများက ကြိုဆိုနှုတ်ဆက်ကြပြီး အနုပညာရှင်များကလည်း ဝန်ထမ်းမိသားစုများနှင့်မိတ်ဆက်ကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခြင်း အမှတ်တရ ဓာတ်ပုံရိုက်ခြင်းများ ပြုလုပ်ကြသည်။

ထို့နောက် ဖျော်ဖြေပွဲကိုကျင်းပရာ မြန်မာ့အသံမှတေးသံရှင်များက မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ မြန်မာသံစဉ်တေးသီချင်းများဖြင့် လည်းကောင်း၊ ခေတ်ပေါ်တေးသီချင်းများဖြင့် လည်းကောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ အဟ္ဟလီအငြိမ့်အဖွဲ့မှ ခေါင်းဆောင်မင်းသမီး ယဉ်ယဉ်ဝေ၊ ရှေ့ထွက်မင်းသမီး ခိုင်သစ္စာ၊ လူရွှင်တော် စောမင်းနောင်၊ ဇော်မင်းထွန်း၊ ဇင်ဝိုင်း၊ ကျော်မင်းစိုး၊ မျိုးကျော်သူနှင့် စိုင်းစည်သူတို့က အငြိမ့်ကပြမှုဖြင့် လည်းကောင်း၊ နိုင်ငံကျော်အဆိုတော် မြန်မာပြည်သိန်းတန်နှင့်အတူ မိုးယံဇွန်၊ ဝေလျှံ၊ ဝင်းသပြေထွန်းနှင့် ပန်းသော်တာတို့က တေးသီချင်းများဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်ဧနီးများ၊ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များက ဖျော်ရွှင်စွာပါဝင်ဆင်နွဲကြပြီး ပြည်ထောင်စုဝန်ကြီးက ခေတ်ပေါ်တေးဂီတအဖွဲ့၊ မြန်မာ့အသံမှ တေးသံရှင်များနှင့် အနုပညာရှင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဖျော်ဖြေရေးအစီအစဉ်ကို ကျန်ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းအသီးသီးသို့လည်း ဆက်လက်သွားရောက်ပြီး ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်တို့တွင် တက်ရောက်ခွင့်ရရှိသည့် သင်တန်းသား သင်တန်းသူများအား ထောက်ပံ့ကြေးပေးအပ်

ဘားအံ နိုဝင်ဘာ ၉

၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (B.Ed) (၅)နှစ်သင်တန်းအမှတ်စဉ်(၁၀) သို့ တက်ရောက်မည့်သူ ၁၁ ဦးနှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) ပထမနှစ်သင်တန်း တက်ရောက်မည့်သူ ၁၆ ဦး စုစုပေါင်း၂၇ ဦးအတွက် ထောက်ပံ့ငွေကျပ် ၁၄၄၀၀၀၀ ကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ထောက်ပံ့ပေးအပ်ပြီး သင်တန်းသား သင်တန်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားများ ပြောကြားခဲ့သည်။

ကရင်ပြည်နယ်ဝန်ကြီးချုပ်သည် ယမန်နေ့က အဆိုပါ သင်တန်းသား သင်တန်းသူများကို ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂)၌ တွေ့ဆုံအမှာစကားပြောကြားပြီး ထိုသို့ထောက်ပံ့ကြေးများ ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်သည် ဒေသတွင်း စက်မှုလုပ်ငန်းများထူထောင်ရာတွင် ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာစေရန်နှင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများလုပ်ကိုင်၍ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်ရည်ရွယ်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် Sustainabridge(SB)တို့ ပူးပေါင်းဖွင့်လှစ်သော သင်တန်းများဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးခဲ့သည်။

သင်တန်းများတွင် ဆောက်လုပ်ရေးသင်တန်း အမှတ်စဉ်(၁၃)၌ သင်တန်းသား ၁၀ ဦး၊ လျှပ်စစ်သင်တန်း အမှတ်စဉ်(၁၃)၌ သင်တန်းသား သင်တန်းသူ ၁၅ ဦး၊ မော်တော်ယာဉ်/ စက်ပြင်သင်တန်း အမှတ်စဉ်(၁၂)၌ သင်တန်းသား ၂၀ နှင့် ဂဟေသင်တန်းအမှတ်စဉ်(၁၁)၌ သင်တန်းသား ၁၅ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်လျက်ရှိကာ သင်တန်းကာလမှာ ရက်သတ္တ ၂၂ ပတ်ကြာမြင့်မည်ဖြစ်ကြောင်းနှင့် သင်တန်းများအပြီးတွင် ကုမ္ပဏီများ၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်၍ အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဖန်တီးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ပြည်နယ်အဆင့် ကျေးရွာစီမံကိန်းကြီးကြပ်မှုကော်မတီ၏ (၁၀/၂၀၂၂) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ရယူသုံးစွဲနိုင်ရေး တင်ပြလာသည့် စီးပွားရေးလုပ်ငန်းများ၊ စက်ရုံ၊ အလုပ်ရုံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြကာ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသော ခရိုင်အဆင့်ဌာနဆိုင်ရာများနှင့် ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးအပြီးတွင် နေကြာ၊ ပဲတီစိမ်းသီးနှံများ ထွန်ယက်စိုက်ပျိုးလုပ်ကိုင်နေမှုအခြေအနေ၊ ဒေသတွင်း အခြားသီးနှံစိုက်ပျိုးထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များ အပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

ညပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဧနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဧနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ကရင်ရိုးရာယဉ်ကျေးမှု ဒုံးအကပြိုင်ပွဲ (စတုတ္ထည) ဆက်လက်ကျင်းပနေမှုကို ကြည့်ရှုအားပေးခဲ့ကြပြီး ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ကျောက်တံခါးမြို့နယ်တွင် ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းရည်မြင့်မားရေးအလုပ်ရုံဆွေးနွေးပွဲသင်တန်း ဖွင့်လှစ်

ကျောက်တံခါး နိုဝင်ဘာ ၉

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် ထက်၊ လယ်၊ မူကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ (ဆင့်ပွား)သင်တန်းအား ယနေ့နံနက်၉နာရီက အခြေခံပညာအထက်တန်းကျောင်း (ကျောက်တံခါး)ပတ္တမြားခန်းမ၌ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးအောင်ဆွေက အဖွင့်အမှာစကားပြောကြားပြီး တောင်ငူခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ဦးက ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲဆိုင်ရာ အချက်အလက်များအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ယင်းသင်တန်းတွင် သင်တန်းမှူးအဖြစ် တောင်ငူခရိုင် ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ဦးနှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်သီတာစိုးတို့က ရက်တိုသင်တန်းအဖြစ် တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ သင်တန်းသားသင်တန်းသူ ၂၃၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အာဆီယံဒေသတွင်း ကာဗွန်လျှော့ချရေး အောင်မြင်စွာဆောင်ရွက်နိုင်ရန် မဟာဗျူဟာရေးဆွဲချမှတ်ရန် လိုအပ်

နေပြည်တော် နိုဝင်ဘာ ၉

ကမ္ဘောဒီးယားနိုင်ငံက အလှည့်ကျ အိမ်ရှင်အဖြစ် ကျင်းပလျက်ရှိသည့် (၂၁) ကြိမ်မြောက် အာဆီယံစီးပွားရေး အသိုက်အဝန်း ကောင်စီအစည်းအဝေး အစီအစဉ်အရ ယနေ့မွန်းလွဲပိုင်းတွင် အာဆီယံစီးပွားရေး အသိုက်အဝန်း ကောင်စီဝန်ကြီးများနှင့် အာဆီယံစွမ်းအင်ဝန်ကြီးများ၊ ပို့ဆောင်ရေးဝန်ကြီးများ၊ စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးများ မျက်နှာစုံညီ အစည်းအဝေးကို Virtual Format ဖြင့် ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပါဝင်တက်ရောက်သည်။

အဖွင့်အမှာစကားပြောကြား

အစည်းအဝေးတွင် သဘာပတိ ကမ္ဘောဒီးယားနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အာဆီယံစွမ်းအင်ဝန်ကြီးများ၊ ပို့ဆောင်ရေးဝန်ကြီးများ၊ စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးများနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့က အာဆီယံ ကာဗွန်လျှော့ချရေးအတွက် မဟာဗျူဟာရေးဆွဲရေး၊ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ရေး၊ တာဝန်ပေးအပ်ရေးနှင့် လုပ်ငန်းလမ်းညွှန်ချမှတ်ရေးတို့ကို ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး နှစ်ရှည်အမျိုးသားပို့ဆောင်ရေး ပင်မစီမံကိန်းနှင့် အညီ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ကမ္ဘာ့ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက်များ ပြည့်မီစေရန် မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒနှင့် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်နေမှု၊ အဆိုပါမူဝါဒ၊ မဟာဗျူဟာများနှင့်အညီ ပို့ဆောင်ရေးကဏ္ဍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အတွက် အမျိုးသားအဆင့်အကောင်အထည်ဖော်ရေး စီမံချက်ရေးဆွဲပြီး ပို့ဆောင်ရေးနည်းများတွင် ကာဗွန်လျှော့ချ ရေးဆောင်ရွက်နေမှုများကို ဆွေးနွေးသည်။

ဆက်လက်၍ ကာဗွန်ဓာတ်ငွေ့ကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုလျှော့နည်းစေရေးအတွက် "မှတ်ပုံတင်သက်တမ်း ကြာမြင့်ယာဉ်များ ဖျက်သိမ်းရေးနှင့် အစားထိုးယာဉ်တင်သွင်းရေး စီမံချက်" ကို ၂၀၁၁ ခုနှစ်မှစတင်၍ ဆောင်ရွက်နေမှု၊ လက်ရှိကာလတွင် လျှပ်စစ်သုံးယာဉ်များနှင့် ဆက်စပ် လုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး၊ တင်သွင်း၊ ထုတ်လုပ်အသုံးပြုပြေးဆွဲရန်လိုအပ်သည့် မူဝါဒ၊ လုပ်ငန်းစဉ်နှင့် လမ်းညွှန်ချက်များ ချမှတ်နိုင်ရေး၊ ရေကြောင်းပို့ဆောင်ရေး ကဏ္ဍတွင် ကမ်းရိုးတန်းသွားရေယာဉ်များတွင် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး အတွက် အစိမ်းရောင်သင်္ဘော မဟာဗျူဟာနှင့် ပြည်တွင်းရေကြောင်းသွားရေယာဉ်များ၏ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေး၊ လေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ် ကွန်ဗင်းရှင်းပါ စံညွှန်းများနှင့်အညီ ကာဗွန်လျှော့ချရေး အစီအစဉ်၌ ပါဝင်ဆောင်ရွက်နေမှုများနှင့် အာဆီယံဒေသတွင်း ကာဗွန်လျှော့ချရေး အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် မဟာဗျူဟာရေးဆွဲချမှတ်ရန်လိုအပ်မှု၊ မဟာဗျူဟာ ရေးဆွဲရေးအပေါ် ကဏ္ဍအလိုက်တာဝန်ပေးအပ်မှုနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်မှု၊ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု အချက်အလက်များ စုဆောင်းအကဲဖြတ်မှုများတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်လိုအပ်မှုများကို အကြံပြုဆွေးနွေးသည်။

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများ၊ စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးများ၊ ပို့ဆောင်ရေးဝန်ကြီးများ၊ စွမ်းအင်ဝန်ကြီးများ တက်ရောက်ကြပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းနှင့် တာဝန်ရှိသူများ လည်း ပါဝင်တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

၂၀၃၀ ပြည့်နှစ်တွင် ၄င်ဖျားရောဂါ ကင်းစင်ပျောက်ရေး ရည်မှန်းချက် ပြည့်မီစေရေး စနစ်တကျ စီစဉ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၉

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် Malaria Program Review Mission မှ ပြည်ပ၄င်ဖျားရောဂါပညာရှင် Dr. Sean Hewitt ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

စီစဉ်ဆောင်ရွက်လျက်ရှိ

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ၂၀၃၀ ပြည့်နှစ်တွင် ၄င်ဖျားရောဂါ ကင်းစင်ပျောက်ရေး ရည်မှန်းချက်ပြည့်မီစေရေးကို မြန်မာနိုင်ငံ၌ စနစ်တကျ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပြည်တွင်းပြည်ပ၄င်ဖျား ပညာရှင်များ ပူးပေါင်း၍ ၄င်ဖျားရောဂါ တိုက်ဖျက်ရေး ဆန်းစစ်သုံးသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက် အကြံပြုတင်ပြချက်များအပေါ် ပြန်လည်ဆန်းစစ်သုံးသပ်၍ လုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ပ၄င်ဖျားရောဂါပညာရှင်က ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ကချင်ပြည်နယ်များရှိ မြို့နယ်များသို့ ကွင်းဆင်းသွားရောက်၍ ၄င်ဖျားရောဂါ တိုက်ဖျက်ရေးလုပ်ငန်းဆန်းစစ်သုံးသပ်ခြင်းဆောင်ရွက်ခြင်းမှ သုံးသပ်တွေ့ရှိချက်များနှင့် အကြံပြုချက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည့် လမ်းညွှန်မှုများနှင့် ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ Malaria Program Review Mission မှ ပြည်တွင်း ပြည်ပ ၄င်ဖျားရောဂါပညာရှင်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ အခြေစိုက် Global Fund တို့မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

2022 ASEAN–ICT Forum on Child Online Protection ဖိုရမ် ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၉

2022 ASEAN–ICT Forum on Child Online Protection ဖိုရမ်ကို ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ နိုဝင်ဘာ ၂ ရက်မှ ၃ ရက်အထိ ကျင်းပသည်။

တက်ရောက်

အဆိုပါ ဖိုရမ်သို့ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်မေနု နှင့် ကိုယ်စားလှယ်တစ်ဦး၊ အာဆီယံနိုင်ငံများမှ ASEAN Senior Officials Meeting on Social Welfare and Development (SOMSWD) နှင့် The ASEAN Commission on the Promotion and Protection of the Rights of Women and Children (ACWC) ဆိုင်ရာ ကိုယ်စားလှယ်များ၊ UNICEF East Asia and the Pacific Regional Office မှ တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပညာရှင်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာမှ IT ပညာရှင်များ၊ နည်းပညာ အသုံးပြုသည့် ကုမ္ပဏီများမှတာဝန်ရှိသူများက In-person နှင့် Online တို့ဖြင့် ပါဝင်တက်ရောက်ကြသည်။

ဖိုရမ်တွင် Child Online Protection ဆိုင်ရာ ဆောင်ရွက်မှုအတွေ့အကြုံများ၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ စံနှုန်းများ၊ စီမံချက်များ၊ Child Online Protectionနှင့် ပတ်သက်၍ ကျင့်သုံးနေသော မူဝါဒများနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြသည်။

2022 ASEAN–ICT Forum on Child Online Protection သို့ ပါဝင်တက်ရောက်ခြင်းဖြင့် Child Online Protection ဆိုင်ရာ အာဆီယံနိုင်ငံများမှ ဆောင်ရွက်နေမှုများ၊ ကလေးသူငယ်များ အွန်လိုင်းအသုံးပြုရာတွင် ရရှိနိုင်သည့်ဆိုးကျိုးများနှင့် အွန်လိုင်းအသုံးပြု၍ ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်မှုအစီအစဉ်များကို လေ့လာသိရှိခြင်း၊ အွန်လိုင်းအသုံးပြု၍ ကလေးသူငယ်များအပေါ် အလွဲသုံးခြင်းမှ ကာကွယ်စောင့်ရှောက်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

၇မြို့နယ်၌ ၂၀၂၂ခုနှစ် မိုးစပါး စံကွက်ရိတ်သိမ်းပွဲ ကျင်းပ

၇ နိုဝင်ဘာ ၉

ရခိုင်ပြည်နယ် ၇မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ရဟိုင်ကူးတို့ ကျေးရွာအုပ်စု ရဟိုင်ကွင်းကျေးရွာရှိ ဘက်စုံအဆင့်မြင့် နည်းပညာသုံး စံပြကျေးရွာ စိုက်ခင်းတွင် ၂၀၂၂ခုနှစ် မိုးစပါးစံကွက် ရိတ်သိမ်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဦးပိုင်(၄၄) ကွင်းအမှတ်(၂၉၇)ရှိ တောင်သူ ဒေါ်နီနီဦး၏ လယ်မြေ၌ ကျင်းပသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းလင်းက စံကွက်ရိတ်သိမ်းပွဲ ကျင်းပရခြင်းရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့ပြီး သုည ဒသမ ၁၀ ဧက စံကွက်အား ရိတ်သိမ်းခြင်းနှင့် ဧကအထွက် ချိန်တွယ်ပြသခြင်းများကို ဆောင်ရွက်ခဲ့သည်။

၂၀၂၂ခုနှစ်တွင် ၇မြို့နယ်အတွင်း မိုးစပါး စိုက်ပျိုးဧရိယာ တစ်ဧကလျှင် စပါးတင်းအစို ၁၁၅ တင်းနှင့် အခြောက် ၁၀၇ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

ရွှေရည်ဝင်းကျော်

မြန်မာ-ရုရှားနှစ်နိုင်ငံအကြား သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၉

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး မစ္စတာ အလက်ဇန်းဒါး ဆာဂီးအ်ဗစ်ရ် ရှာတီရော့ဗ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ရုံးအမှတ် (၂၈) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား သတ္တုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာနှင့် ခေတ်မီစက်ပစ္စည်းကိရိယာများရရှိရေး၊ နှစ်နိုင်ငံ ဘူမိဗေဒပညာရှင်များ ပူးပေါင်း၍ ဖြစ်ထွန်းမှုများ ရှာဖွေဖော်ထုတ်ရေး၊ ကျောက်မျက်ရတနာ အချောထည်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျောက်မျက်ရတနာစျေးကွက် ဖော်ဆောင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာန/လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ – ရုရှား ချစ်ကြည်ရေးနှင့် ယဉ်ကျေးမှု၊ လူမှုရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၉

မြန်မာနိုင်ငံသို့ရောက်ရှိနေသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူး မစ္စတာ အလက်ဇန်းဒါး ဆာဂီးအ်ဗစ်ရ် ရှာတီရော့ဗ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးအောင်သော်နှင့် တာဝန်ရှိသူများက ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ Jasmine ဟိုတယ် သံလွင်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ရုရှား ချစ်ကြည်ရေးနှင့် ယဉ်ကျေးမှု၊ လူမှုရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာကိစ္စရပ်များအား အပြန်အလှန် ဆွေးနွေးကြသည်။

ဆွေးနွေးမှုအပြီးတွင် ရုရှားကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံမှ ထုတ်လုပ်သော ဆန်စပါး၊ ကျောက်မျက်ရတနာ၊ ပယင်းနှင့် ပယင်းမှ ထုတ်လုပ်သော ဆေးဝါးများ၊ ကော်ဖီ၊ မာကာဒေးမီးယား၊ သကြား၊ သစ်သီးဝလံ ထုတ်ကုန်များ၊ ရော်ဘာနှင့် ရော်ဘာထွက်ပစ္စည်းများ၊ လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများအား လှည့်လည်ကြည့်ရှုခဲ့ရာ အသင်းတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

သတင်းစဉ်

(၄၃)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၉

(၄၃)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (43rd ASEAN SENIOR OFFICIALS MEETING ON DRUG MATTERS) ကို အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၃ ရက်ထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ Intercontinental Kuala lumpur ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ခုနှစ်ဦး တက်ရောက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆွေးနွေးဖက်နိုင်ငံများ ဖြစ်သော မလေးရှားနိုင်ငံအခြေစိုက်သြစတြေးလျနိုင်ငံသံရုံး၊ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ရုရှားနိုင်ငံ၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံးကိုယ်စားလှယ်များမှ လူကိုယ်တိုင်ဖြင့် လည်းကောင်း၊ Online စနစ်ဖြင့် လည်းကောင်း၊ ကိုယ်စားလှယ်ပေါင်း ၁၀၄ ဦး အသီးသီး တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် မလေးရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနမှ Secretary General YBhg. Dato' Sri Wan Ahmad Dahln bin Haji Abdul Aziz နှင့် မလေးရှားနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့ (NADA) ညွှန်ကြားရေးမှူးချုပ် Mr. Sutekno AhMad Belon တို့က အမှာစကားပြောကြား၍ စတင်ဖွင့်လှစ်ခဲ့ပြီး အာဆီယံဒေသအတွင်း မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ တားဆီးနှိမ်နင်းရေးလုပ်ငန်း၊ ကြိုတင်ကာကွယ်ရေးနှင့် အသိပညာပေးရေးလုပ်ငန်း၊ ဆေးကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ အစားထိုးဖွံ့ဖြိုးရေး လုပ်ငန်းနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို အပြန်အလှန် ဆွေးနွေးခဲ့သည်။

အာဆီယံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များမှ သက်ဆိုင်ရာနိုင်ငံများ အလိုက်မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်မှုများကို တင်ပြဆွေးနွေးခဲ့ရာ မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်တွင် တရားဝင်ထုတ်ပြန်ခဲ့သည့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒသစ်တွင် ပါဝင်သည့် ထုတ်လုပ်မှုလျှော့ချရေးနှင့် အစားထိုးဖွံ့ဖြိုးရေး၊ သုံးစွဲမှုလျှော့ချရေးနှင့် နောက်ဆက်တွဲအန္တရာယ်လျှော့ချရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး၊ သုတေသနလုပ်ငန်းများတိုးမြှင့်ရေး၊ လူ့အခွင့်အရေးပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရေး ဆိုသည့် လုပ်ငန်းကဏ္ဍ(၅)ရပ်နှင့်အညီ မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးများ ဆောင်ရွက်ခဲ့မှု ၂၀၂၁ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၆၀၆ သန်းကျော်နှင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ အမေရိကန်ဒေါ်လာ ၃၉၃ သန်း တန်ဖိုးရှိ မူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ဓာတုပစ္စည်းများနှင့်အတူ ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း၊ အစားထိုးဖွံ့ဖြိုးမှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် မြန်မာ-ထိုင်းနှစ်နိုင်ငံ နားလည်မှုစာချွန်လွှာ(MoU)ကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် လက်မှတ်ရေးထိုး၍ ရှမ်းပြည်နယ် တောင်ပိုင်းတွင် အစားထိုးဖွံ့ဖြိုးမှုစီမံကိန်းအား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှည်လျားသော နယ်နိမိတ်ထိစပ်နေပြီး ထိန်းချုပ်ရန်ခက်ခဲခြင်းတို့အပေါ် အခွင့်ကောင်းယူကာ ဓာတုပစ္စည်းများ၊ မူးယစ်ဆေးဝါးထုတ်လုပ်သည့် နေရာများသို့ တရားမဝင်နည်းလမ်းမျိုးစုံနှင့် ဝင်ရောက်လျက်ရှိနေမှု၊ မြန်မာနိုင်ငံသည် ဓာတုပစ္စည်းအများဆုံးထွက်ရှိသော အိမ်နီးချင်းနိုင်ငံများ ဖြစ်သည့် နိုင်ငံကြီးများအကြား တည်ရှိနေသည့်အတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဓာတုပစ္စည်းများ လမ်းလွဲမရောက်ရှိစေရေး အထူးအလေးထား ဆောင်ရွက်ပေးစေလိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် INCB၊ UNODC ရန်ကုန်မြို့အခြေစိုက် UNODC၊ AFP၊ DEA၊ NNCC၊ ONCB တို့နှင့် အနီးကပ် ပူးပေါင်း ဆောင်ရွက်မှုများကြောင့် တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို ထိရောက်စွာ ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ရာ (၇)ကြိမ်မြောက် အာဆီယံ-တရုတ်ဆွေးနွေးညှိနှိုင်းခြင်း အစည်းအဝေးတွင် မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က တရုတ်နိုင်ငံနှင့်အတူ ပူးတွဲသဘာဝတိအဖြစ် ဆောင်ရွက်ခဲ့ပြီး (၄၄)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံမှ အလှည့်ကျ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပ ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးခဲ့ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၄ ရက် မွန်းလွဲပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းခရီးစဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဟုမ္မလင်းမြို့၌ အခြေခံပညာကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ဟုမ္မလင်း နိုဝင်ဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်တွင် စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဘိုးရာဇာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ခရိုင်ပညာရေးမှူး ဦးချစ်ငွေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်သင်းသင်းနွယ်က ဟုမ္မလင်းမြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ တာဝန်ခံ ဆရာ ဆရာမများ၏ လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် သင်ကြားရေးဆိုင်ရာများ၊ ဘဏ္ဍာရေးဆိုင်ရာများ နှင့် စည်းကမ်းထိန်းသိမ်းရေးတို့တွင် စွမ်းဆောင်ရည်ပြည့်ဝစွာဖြင့် လုပ်ဆောင်နိုင်စေရန် ရည်ရွယ်၍ ဤအလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲသို့ ဟုမ္မလင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ခံ ဆရာ ဆရာမများ စုစုပေါင်း ၂၅၀ တက်ရောက်ကြပြီး ဆွေးနွေးပွဲကို နိုဝင်ဘာ ၉ ရက်မှ ၁၀ ရက်အထိ ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။ **လင်းလင်း(ပြန်/ဆက်)**

အမေရိကန်နိုင်ငံ၌ သီတင်းပတ်တိုင်း ကလေးငယ် ၃၀၀၀၀ နီးပါး ကိုဗစ်-၁၉ ရောဂါကူးစက်ခံနေရ

လော့အိန်ဂျလိစ် နိုဝင်ဘာ ၉

အမေရိကန်နိုင်ငံ၌ ကလေးငယ်များ ကိုဗစ်-၁۹ ရောဂါကူးစက်ခံရမှုမြင့်တက်လျက်ရှိပြီး သီတင်းပတ်တိုင်း ကလေးငယ် ၃၀၀၀၀ နီးပါး ကိုဗစ်-၁۹ ရောဂါကူးစက်ခံနေရကြောင်း အမေရိကန် ကလေးအထူးကုနှင့် ကလေးဆေးရုံများအသင်းက ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁۹ ကပ်ရောဂါ စတင်ဖြစ်ပွားပြီး နောက်ပိုင်း ကလေးငယ် စုစုပေါင်း ၁၄ ဒသမ ၉ သန်းကျော် ကိုဗစ်-၁۹ ရောဂါကူးစက်ခံခဲ့ရကြောင်းနှင့် အဆိုပါကူးစက်ခံရသည့်ကလေးငယ်များအနက် ၁၀၅၀၀၀ နီးပါးသည် လွန်ခဲ့သည့် သီတင်းလေးပတ်အတွင်း ကူးစက်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၃ ရက်တွင် ကုန်ဆုံးခဲ့သည့် သီတင်းပတ်အတွင်း မှာပင် ကလေးငယ်များ ကိုဗစ်-၁۹ ရောဂါကူးစက်ခံရမှု ရာခိုင်နှုန်းသည် နိုင်ငံအတွင်း ကူးစက်ခံရသူစုစုပေါင်း၏ ၁၃ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

လက်ရှိတွင် အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁۹ ရောဂါကူးစက်ခံရသူပေါင်း ၉၉ သန်းကျော်ရှိကာ ပြန်လည်ကျန်းမာလာသူပေါင်း ၉၇ သန်းကျော်ရှိပြီး အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း တစ်သန်းကျော်ရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

၂၀၁၅ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ရှစ်နှစ်တာကာလသည် အပူချိန် စံချိန်တင်အမြင့်ဆုံးဖြစ်

ကုလသမဂ္ဂ နိုဝင်ဘာ ၉

၂၀၁၅ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ရှစ်နှစ်တာကာလသည် အပူချိန် စံချိန်တင် အမြင့်ဆုံးဖြစ်နိုင်ကြောင်း ကုလသမဂ္ဂ မိုးလေဝသအေဂျင်စီက ပြောကြားသည်။

အီဂျစ်နိုင်ငံ၌ နိုဝင်ဘာ ၆ ရက်က ကျင်းပပြုလုပ်သည့် COP 27 ရာသီဥတုပြောင်းလဲမှုဆိုင်ရာဆွေးနွေးပွဲ၏ ပြင်ပအစည်းအဝေးတစ်ခုဖြစ်သည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲတစ်ခုတွင် အထက်ပါကြေညာချက်ကို ကမ္ဘာ့မိုးလေဝသအဖွဲ့က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

လေထုထဲတွင် ဖန်လုံအိမ်ဓာတ်ငွေ့ပါဝင်မှု မြင့်တက်နေသည့်အတွက် ၂၀၂၂ ခုနှစ် စက်တင်ဘာလကုန်အထိ ကမ္ဘာ့ပျမ်းမျှအပူချိန်သည် ၁၈၅၀-၁၉၀၀ ခုနှစ်များမတိုင်မီအချိန်ကထက် ၁ ဒသမ ၁၅ ဒီဂရီစင်တီဂရိတ်ရှိသည်ဟု ခန့်မှန်းထားသည်။

လာနီညာဖြစ်စဉ်သည် ကမ္ဘာလုံးဆိုင်ရာ အပူချိန်ကို နိမ့်ကျစေသော်လည်း ၂၀၂၂ ခုနှစ်သည် ပဋ္ဌမမြောက် သို့မဟုတ် ဆဋ္ဌမမြောက် အပူဆုံးနှစ်ဖြစ်ဖွယ်ရှိကြောင်း အဆိုပါကြေညာချက်တွင် ပါရှိသည်။

ဆွစ်ဇာလန်တွင် ရေခဲပြင်ပမာဏ၏ ခြောက် ရာခိုင်နှုန်းသည် ၂၀၂၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း အရည်ပျော်ပျောက်ဆုံးသွားခဲ့ပြီး ပျမ်းမျှကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်သည် ၂၀၂၁ ခုနှစ် ဧနဝါရီလနှင့် ၂၀၂၂ ခုနှစ် သြဂုတ်လကြားတွင် ငါးမီလီမီတာခန့် မြင့်တက်သွားကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့က ဆိုသည်။

ယခုနှစ်အတွင်း ပါကစ္စတန်နိုင်ငံ၌ ရေကြီးခြင်းနှင့် ဥရောပနှင့် အာဖရိကတွင် မိုးခေါင်ခြင်းတို့အပါအဝင် ဒေသအများအပြား၌ ဆိုးရွားသော ရာသီဥတုဖောက်ပြန်မှုကြောင့် ပြည်သူအများအပြား သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်နေရသည်။ ယခုနှစ်တွင်ပြင်းထန်သော ရာသီဥတုကြောင့် နေရာအများအပြားကို ထိခိုက်ခဲ့သည်။

ရာသီဥတုဖောက်ပြန်မှုသည် ကပ်ဘေးပုံစံဖြင့် ဖြစ်ပျက်လျက်ရှိပြီး ကမ္ဘာ့ပြည်သူပြည်သားများသည် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်နေရပြီး အသက်နှင့်စည်းစိမ်ဥစ္စာများကို ခြောက်လှန့်ခံနေရကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ရှပ်သံမိန့်ခွန်းတစ်ရပ်တွင် ပြောကြားခဲ့သည်။

ရာသီဥတု ဖောက်ပြန်မှုများကို ကာကွယ်တားဆီးရန် ရာသီဥတုဆိုင်ရာ ဆောင်ရွက်ချက်များကို ကမ္ဘာ့နိုင်ငံအားလုံးဟန်ချက်ညီညီလိုက်နာလုပ်ဆောင်သွားရန်လိုအပ်ကြောင်း ဂူတာရက်စ်က ဆိုသည်။

ကိုးကား - အင်နှစ်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

ကိုပေါနိုင်ငံအနောက်ပိုင်း ဒိုတီခရိုင်၌ မြေငလျင်လှုပ်ခတ်မှုဖြစ်ပွား

ခတ္တမန္တု နိုဝင်ဘာ ၉

နီပေါနိုင်ငံအနောက်ပိုင်း ဒိုတီခရိုင်တွင် နိုဝင်ဘာ ၉ ရက် ဒေသစံတော်ချိန် နံနက် ၂ နာရီ ၁၂ မိနစ်အချိန်က အင်အား ရစ်ချက်တာစကေး ၆ ဒသမ ၃ အဆင့်ရှိ မြေငလျင်လှုပ်ခတ်မှုတစ်ခုဖြစ်ပွားခဲ့ရာ ခြောက်ဦး သေဆုံးပြီး ငါးဦး ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါမြေငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံများစွာ ပြိုကျပျက်စီးခဲ့ကာ ငလျင်ဒဏ်ကြောင့်သေဆုံးနေသည့် ရှပ်အလောင်းများအား အဆိုပါ ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံများအတွင်းမှ ပြန်လည်တွေ့ရှိခဲ့ကြောင်းနှင့် အဆိုပါဖြစ်စဉ်အတွင်း ဒဏ်ရာရရှိသူများအား ဆေးကုသပေးလျက်ရှိကြောင်း ဒိုတီခရိုင် အုပ်ချုပ်ရေးမှူး ကယ်လ်ပါနာရှီရက်စ်သာက ပြောကြားသည်။

လက်ရှိအချိန်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အခင်းဖြစ်နေရာတွင် တာဝန်ချထားပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ၾင်းငလျင်သည် ကတ်တတ်အမျိုးသားဥယျာဉ်နေရာကို ဗဟိုပြု၍ လှုပ်ခတ်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ နီပေါနိုင်ငံ၌ မြေငလျင်များ မကြာခဏ လှုပ်ခတ်လေ့ရှိပြီး ၂၀၁၅ ခုနှစ်တွင် လှုပ်ခတ်ခဲ့သည့် မြေငလျင်အတွင်း လူဦးရေ ၉၀၀၀ ကျော် သေဆုံးခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁۹ ရောဂါ ကူးစက်မှုကြောင့် ၂၄ ဦး ထပ်မံသေဆုံး

မနီလာ နိုဝင်ဘာ ၉

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁۹ ရောဂါကူးစက်မှုကြောင့် ၂၄ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၄၃၂၂ ဦးရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၁၂၄၁ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၀၁၂၈၆၈ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၅၉၈၉ ဦး ရှိသည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် ၃၁၀ သည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။

လက်ရှိအချိန်အထိ မြို့တော် မနီလာ၌ ရောဂါကူးစက်ခံရသူပေါင်း ၁၂၈၆၇၀၇ ဦးရှိကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဧနဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၅ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၂ ဒသမ ၅ သန်းကျော်အား ကိုဗစ်- ၁۹ ရောဂါကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁۹ ရောဂါ ကူးစက်ခံရသူ ၆၂၄၇၂ ဦးထပ်မံတွေ့ရှိ

ဆိုးလ် နိုဝင်ဘာ ၉

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁۹ ရောဂါ ကူးစက်ခံရသူ ၆၂၄၇၂ ဦးထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁۹ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၂၅၉၈၁၆၅၅ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် သီတင်းပတ်အတွင်း နေ့စဉ် ပျမ်းမျှ ကိုဗစ်-၁۹ ရောဂါကူးစက်ခံရသူ အရေအတွက်သည် ၄၄၄၇၅ ဦးရှိကြောင်း သိရသည်။ တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁۹ ရောဂါကူးစက်ခံရသူများအနက် ၄၂ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများ အနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁۹ ရောဂါကြောင့်သေဆုံးသူ ၅၉ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁۹ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၉၄၇၉ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

မှတ်တမ်းဗီဒီယိုရိုက်ကူးတည်းဖြတ်ခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း၊ သတင်းရေးသားခြင်းဆိုင်ရာသင်တန်း အမှတ်စဉ်(၂)မှ သင်တန်းသားများ နေပြည်တော် MRTV တွင် ကြည့်ရှုလေ့လာ

နေပြည်တော် နိုဝင်ဘာ ၉

ပြန်ကြားရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် မှတ်တမ်းဗီဒီယိုရိုက်ကူးတည်းဖြတ်ခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း၊ သတင်းရေးသားခြင်းဆိုင်ရာ သင်တန်းအမှတ်စဉ်(၂)မှ သင်တန်းသား သင်တန်းသူ ၄၈ ဦးတို့သည် ယနေ့နံနက်ပိုင်းက နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရုပ်သံထုတ်လွှင့်မှုဆိုင်ရာများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်တို့တွင် ကြည့်ရှုလေ့လာကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့ဝင်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင် အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေး မော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှုပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယိုအစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်းဓာတ်ပြားများနှင့် အခြားအသုံးအဆောင်ပစ္စည်းများ စသည့် စုစုပေါင်း ပြခန်း ၄၀ တွင် ခင်းကျင်းပြသထားမှုများနှင့် ပင်မအဆောက်အအုံအတွင်းရှိ ရုပ်သံထုတ်လွှင့်မှု လုပ်ငန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် သတင်းရေးသားခြင်းနှင့် မှတ်တမ်းဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးတည်းဖြတ်ခြင်း သင်တန်းအမှတ်စဉ်(၂)ကို ဝန်ကြီးဌာန ၁၂ ခုမှ သင်တန်းသား သင်တန်းသူ ၄၈ ဦးဖြင့် အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၁၁ ရက်အထိ ရက်သတ္တသုံးပတ်ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ဖွင့်လှစ်လျက်ရှိရာ အဆိုပါသင်တန်းမှ သင်တန်းသား သင်တန်းသူများသည် ယနေ့တွင် MRTV ၌ လေ့လာခဲ့ကြပြီး နိုဝင်ဘာ ၁၀ ရက်တွင် ဥပွါတသန္တိစေတီတော်အနီး တစ်ဝိုက်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ပို့ချသည့် ဓာတ်ပုံ Outdoor Shooting လေ့ကျင့်ပြသမှုကို ဆက်လက်လေ့လာကြမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

"တူယှဉ်နွဲ့ပျော်ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲ Season-2 ဒုတိယအဆင့် (Level–2) ပွဲစဉ်(၁၁)ကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ပြသမည်

နေပြည်တော် နိုဝင်ဘာ ၉

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "တူယှဉ်နွဲ့ပျော်ဂီတပွဲတော်" Season–2 သီချင်းဆိုပြိုင်ပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် စက်တင်ဘာ ၂ ရက်မှ စတင်ပြီး ပွဲစဉ်(၁၈)ပွဲဖြင့် အပတ်စဉ် သောကြာနေ့ ညတိုင်း ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများတွင် အကဲဖြတ်ဒိုင်များအဖြစ် ထပ်ဆင့်အကယ်ဒမီ ချိုပြုံး၊ စန္ဒရားမျိုးနိုင်နှင့် တေးသံရှင်ခိုင်ဝါတို့က လည်းကောင်း၊ သရုပ်ဆောင်/တေးသံရှင်များ ဖြစ်ကြသည့် ဝေလျှံနှင့် သဠာမြင့်မိုရ်တို့က အစီအစဉ်တင်ဆက်သူများအဖြစ် လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

ယင်းပြိုင်ပွဲသို့ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးချယ်ထားသည့် ပြိုင်ပွဲဝင် သုံးဦးစီဖြင့် စုစုပေါင်း ၄၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲ၏ ဒုတိယအဆင့် (Level – 2) သို့ ၁၀ ဦး တက်ရောက်လာကြရာ နိုဝင်ဘာ ၁၁ ရက် (သောကြာနေ့)ညတွင် ပွဲစဉ်(၁၁)အဖြစ် မဲပေါက်သည့် ပြဌာန်းတေးသီချင်းများဖြင့် သီဆိုယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၏ ဒုတိယအဆင့် (Level–2) မှစ၍ အကဲဖြတ်ဒိုင်များ၏ အမှတ်ပေးမှု ၃၀ ရာခိုင်နှုန်းနှင့် ပရိသတ်များ၏ SMS Voting ဖြင့် ပေးပို့မှု ၇၀ ရာခိုင်နှုန်း သတ်မှတ်ထားရှိရာ ပရိသတ်များအနေဖြင့် ပြိုင်ပွဲဝင်များဖြစ်ကြသော ကချင်ပြည်နယ်မှ မေဇီ (MF01)၊ ချင်းပြည်နယ်မှ မြင့်မြတ်သူ (MF02)၊ ရန်ကုန်တိုင်းဒေသကြီးမှ ထွန်းပပအောင် (MF03)၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ရေဂျီးနား (MF04)၊ ပဲခူးတိုင်းဒေသကြီးမှ လျှမ်းထက်ကို (MF05)၊ ကရင်ပြည်နယ်မှ ချိုသဲဦး (MF06)၊ ကချင်ပြည်နယ်မှ လလဆွတ် (MF07)၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဇင်လေး (MF08)၊ နေပြည်တော်မှ ပူတူး (MF09) နှင့် ဧရာဝတီတိုင်းဒေသကြီးမှ စိုးထက်အောင် (MF10) တို့အား အကန့်အသတ်မရှိ SMS ပေးပို့နိုင်မည်ဖြစ်ကြောင်းနှင့် ယင်းတို့၏ သီဆိုယှဉ်ပြိုင်ကြပုံများကို လာမည့်သောကြာနေ့ ည ၉ နာရီခန့်တွင် MRTV – HD မှ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ပြီး နိုဝင်ဘာ ၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခန့်တွင် ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

"ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၉

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရား ဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် မကျီးတုံကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်းခွဲအား PDF များမှ Drop Bomb များဖြင့် ဖြိုတ်ချဖောက်ခွဲ တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"တနင်္သာရီတိုင်းဒေသကြီး မြိတ်-ထားဝယ်ကားလမ်းဘေးရှိ ပုလောမြို့နယ်သို့ လျှပ်စစ်မီးပေးပို့လျက်ရှိသည့် လျှပ်စစ်ဓာတ်တိုင်များအား PDF အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တရားမဝင် ကျွန်း ၉၄ ဒသမ ၈၆၈၆ တန် သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၉

နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တရားမဝင် ကျွန်း ၉၄ ဒသမ ၈၆၈၆ တန် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၆ ရက်အထိ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၅၄ ဒသမ ၆၁၇၀ တန်၊ သစ်မာ ၁၁ ဒသမ ၀၄၉၈ တန်၊ အခြား ၂၉ ဒသမ ၂၀၁၈ တန် စုစုပေါင်း ၉၄ ဒသမ ၈၆၈၆ တန် သိမ်းဆည်းရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

တာချီလိတ်မြို့၌ ငွေကျပ် ၁ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများရောစပ်ထားသောအမှုန့် (Happy Water) များ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၉

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ် မြို့တွင် ငွေကျပ် ၁ ဒသမ ၄ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ရောစပ်ထားသောအမှုန့် (Happy Water) များ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၈ ရက် ညနေ ၅ နာရီတွင်ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း(က) ရပ်ကွက် ကုံကော်လမ်းတွင် အိုက်ဥ၊ အိုက်ကောင်ကျောက်(ခ) အောင်နိုင်သူ၊ ကျော်နိုင်လင်းနှင့် အိုက်ကျန်းဆုတ်တို့အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများ ရောစပ်ထားသော အမှုန့်များနှင့်အတူ တွေ့ရစဉ်။

အိုက်ဥ၊ အိုက်ကောင်ကျောက်(ခ) အောင်နိုင်သူ၊ ကျော်နိုင်လင်းနှင့် အိုက်ကျန်းဆုတ်တို့အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများ ရောစပ်ထားသော အမှုန့်များနှင့်အတူ တွေ့ရစဉ်။

အိုက်ဥ မောင်းနှင်ပြီး အိုက်ကောင် ကျော်နိုင်လင်းနှင့် အိုက်ကျန်း ကျောက် (ခ) အောင်နိုင်သူ၊ ဆုတ်တို့ လိုက်ပါလာသည့်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ် ၁ ဒသမ ၄ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ရောစပ်ထားသော အမှုန့် (Happy Water) ၁၂ ဒသမ ၉ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ လေးဦးအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်

■

မရမ်းကုန်းမြို့နယ်အတွင်း၌ YBS ခရီးသည်တင်ယာဉ်ပေါ်တွင် အုပ်စုဖွဲ့ ရိုက်နှက်လုယက်မှုကျူးလွန်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၉

နိုဝင်ဘာ ၈ ရက် ညနေ ၄ နာရီခန့်တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သမိုင်းဈေးဘူတာရုံလမ်းနှင့် သမိုင်း (၇)လမ်းထိပ်တွင် YBS ယာဉ်လိုင်း အမှတ် (၆၁)ပေါ်တွင် လိုက်ပါစီးနင်းလာသည့် ခရီးသည် အမျိုးသမီးတစ်ဦးနှင့် အခြားခရီးသည်များထံမှ လက်ကိုင်ဖုန်းများကို အုပ်စုဖွဲ့၍ ရိုက်နှက်လုယက်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း သက်ဆိုင်ရာ နယ်မြေရဲစခန်းသို့ သတင်းပေးပို့တိုင်ကြားလာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး အချိန်နှင့်တစ်ပြေးညီ ပိတ်ဆို့စစ်ဆေးမှုများဆောင်ရွက်ခဲ့သည်။

ထိုသို့ ပိတ်ဆို့စစ်ဆေးမှုများနှင့် နယ်မြေအတွင်း သတင်းစုံစမ်းဖော်ထုတ်ချက်များအရ နိုဝင်ဘာ ၉ ရက် နံနက် ၇ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် အောင်ဧယျတံတားထိပ်နှင့် အင်းစိန်မြို့နယ် ပေါက်တောဝမီးပွိုင့်အနီး မရမ်းကုန်းမြို့နယ် ဘုရင့်နောင်တံတားထိပ်နှင့် လှိုင်သာယာမြို့နယ်တို့အတွင်း အဖွဲ့ငယ်များဖွဲ့ကာ စောင့်ဆိုင်းနေစဉ် ကျိုက်ဝိုင်းဘုရားလမ်းအတိုင်း ယာဉ်မောင်းအောင်မျိုးသန့်(ခ)ရီးဗားကမား မောင်းနှင်လာသည့်TNI/GG-5704 Probox အဖြူရောင်ယာဉ်အား သတင်းအရ ပိတ်ဆို့ဖမ်းဆီးစစ်ဆေးခဲ့ရာ မင်းသိန်းနိုင်(ခ)ကတုံး (၂၃)နှစ် (ဘ)ဦးရန်နိုင်စိုး၊ အောင်မိုးသန်း(ခ)ရီဗားကမား(၃၇)နှစ် (ဘ)ဦးခင်လတ်၊ ပြည့်ဖြိုးမောင်(ခ)ဖြိုးမောင်(၂၀)နှစ် (ဘ)ဦးမောင်၊ ထွန်းထွန်းဦး(ခ)ဖိုးသင်္ကြန်(၁၉)နှစ် (ဘ)ဦးဆန်းဝင်း၊ လှိုင်ဖြိုးမောင်(၁၉)နှစ် (ဘ)ဦးမောင်မောင်၊ အောင်ကျော်ဆန်း(ခ)ဆီတုံး(၂၉)နှစ် (ဘ)ဦးလှဝင်း၊ မျိုးမင်းအောင်(ခ)မျိုးမြတ်(၂၂)နှစ် (ဘ)ဦးမောင်မောင်စိုး နှင့် ဝင်းထူး(ခ)ဆံရှည်(၂၂)နှစ် (ဘ)ဦးပြုံးချိုတို့ ရှစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ မင်းသိန်းနိုင်(ခ)ကတုံးပါ ရှစ်ဦးတို့အား စိစစ်ဖော်ထုတ်ချက်အရ လုယက်မှုကို မင်းသိန်းနိုင်(ခ)ကတုံးက ဦးဆောင်ကာ ကျူးလွန်ခဲ့ပြီး အောင်မျိုးသန့်(ခ)ရီးဗားကမား၊ ပြည့်ဖြိုးမောင် (ခ)ဖြိုးမောင်၊ ထွန်းထွန်းဦး(ခ)ဖိုးသင်္ကြန်၊ လှိုင်ဖြိုးမောင်၊ အောင်ကျော်ဆန်း(ခ)ဆီတုံး၊ မျိုးမင်းအောင် (ခ)မျိုးမြတ်၊ ဝင်းထူး(ခ)ဆံရှည်နှင့် နေဇော်(ခ)နေအောင် (ဖမ်းဆီးရန်ကျန်)တို့က လုယက်မှုကျူးလွန်နိုင်ရေး အသီးသီးပူးပေါင်းပါဝင်ခဲ့ကြကြောင်း၊ နိုဝင်ဘာ ၈ ရက် ညနေ ၄ နာရီတွင် မင်းသိန်းနိုင် (ခ)ကတုံးပါ ကိုးဦးတို့သည် အောင်မျိုးသန့်(ခ)ရီးဗားကမား မောင်းနှင်သည့် TNI/GG-5704 Probox ယာဉ်အား စီးနင်းကာ ဘုရင့်နောင်လမ်း၊ သမိုင်းဘူးတာရုံလမ်းပေါ်ရှိ ကြွေ ၁ မှတ်တိုင်သို့ သွားရောက်ခဲ့ကာ ယာဉ်ပေါ်တွင် ယာဉ်မောင်း အောင်မျိုးသန့်(ခ)ရီးဗားကမား တစ်ဦးသာ ကျန်ခဲ့ပြီး ကျန် ရှစ်ဦးတို့မှာ YBS ယာဉ်အမှတ် – 61 ပေါ်သို့ တက်ရောက်ခဲ့ကြောင်း၊ ဘုရင့်နောင်ခုံးတံတားအနီးအရောက်တွင် ယာဉ်ပေါ်ပါ အသက်(၂၅)နှစ်ခန့် အမျိုးသားတစ်ဦး၏ ကျောပိုးအိတ်အတွင်းမှ Redmi8 ခရမ်းရောင်လက်ကိုင်ဖုန်းအား မင်းသိန်းနိုင်(ခ)ကတုံးက နှိုက်ယူခဲ့ကြောင်း၊ အသက် (၂၅)နှစ်ခန့်ရှိ အမျိုးသမီးတစ်ဦး၏ ကျောပိုးအိတ်အတွင်းမှ Samsung A-10 စိမ်းပြာရောင်လက်ကိုင်ဖုန်းအား နေဇော်(ခ)နေအောင်(ဖမ်းဆီးရန်ကျန်)က နှိုက်ယူနေစဉ် အဆိုပါအမျိုးသမီးက အော်ဟစ်အကူအညီတောင်းသဖြင့် မင်းသိန်းနိုင်(ခ)ကတုံးက သံပိုက်ဖြင့်ပြုလုပ်ထားသော နံကြပ်ကူဖြင့် ရိုက်နှက်ခဲ့ကြောင်း၊ လုယက်ပြီးနောက် ကားပေါ်မှဆင်းကာ အသင့်စောင့်ဆိုင်းနေသည့် TNI/GG-5704 Probox ယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ရိုက်နှက်လုယက်မှု ကျူးလွန်ခဲ့သူများ စီးနင်းလာသည့်ယာဉ်။

ဆက်လက်စစ်ဆေးဖော်ထုတ်ချက်အရ မင်းသိန်းနိုင်(ခ)ကတုံးပါ ကိုးဦးတို့သည် နိုဝင်ဘာ ၅ ရက် နံနက် ၇ နာရီတွင် သာကေတမြို့နယ် အတွင်း၌ ပြေးဆွဲမောင်းနှင်လျက်ရှိသည့် YBS ယာဉ်လိုင်းအမှတ် – 42 ယာဉ်ပေါ်ရှိ အမျိုးသားတစ်ဦးအား ဝိုင်းဝန်းထိုးကြိတ်ရိုက်နှက်ကာ ကားပေါ်မှ ဆွဲချပြီး အဆိုပါအမျိုးသား၏ ကျောပိုးအိတ်အတွင်းမှ Samsung A-50 အမျိုးအစား စိမ်းပြာရောင်ဖုန်း တစ်လုံး၊ MI 5 အဖြူရောင်ဖုန်း တစ်လုံး၊ ငွေစက္ကူ ၅၀၀၀၀၀ ကျပ်နှင့် ATM ကဒ် သုံးခု၊ မှတ်ပုံတင် တစ်ခု၊ ယာဉ်မောင်းလိုင်စင် တစ်ခုတို့ကို လုယက်ခဲ့ကြောင်းနှင့် ထိုသို့လုယက်မှု ကျူးလွန်စဉ် AYY/DD-3873 Probox အဖြူရောင်ယာဉ်အား အသုံးပြုခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါလုယက်မှုများအတွင်း မင်းသိန်းနိုင်(ခ)ကတုံးနှင့် နေဇော်(ခ)နေအောင်တို့က လုယက် ခါးပိုက်နှိုက်ခဲ့ကြပြီး ကျန်ခုနစ်ဦးမှာလုယက်ရာတွင် ဝန်းရံပေးသူ၊ လူကာပေးသူနှင့် အခြေအနေ စောင့်ကြည့်ပေးသူများ အဖြစ် ပူးပေါင်းပါဝင်ကျူးလွန်ခဲ့ကြကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်များတွင် အများပြည်သူ စီးနင်းသွားလာလျက်ရှိသည့် YBS ယာဉ်များအတွင်း လုယက်မှု ကျူးလွန်ခဲ့ပြီး ဖမ်းဆီးရမိသူများဖြစ်သည့် မင်းသိန်းနိုင်(ခ)ကတုံးပါ ရှစ်ဦးတို့အား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ဖမ်းဆီးရန်ကျန် တရားခံဖြစ်သည့် နေဇော်(ခ)နေအောင်အား အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မိဘပြည်သူများအနေဖြင့် ၎င်းတရားခံပြေးအား တွေ့မြင်သိရှိရပါက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံ အသိပေးသတင်းပို့ တိုင်ကြားနိုင်ပါကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၉

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ၎င်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ၎င်းတို့၏ လုံ့ဆော်မှု၊ ဝါဒဖြန့်မှုများ အပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၂ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်နေ နိုင်ကိုဦးသည် ၎င်းအသုံးပြုသည့် “Nga Naing” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ရွှေကြာအင်း(၁) ရပ်ကွက်နေ ခင်အေးငြိမ်းသည် ၎င်းအသုံးပြု သည့် “Khin Aye Nyein” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီး ထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ၎င်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ၎င်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကျွန်းလှမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲမှု ဖြစ်ပွားရ၍ NGO မှ ကျန်းမာရေးဝန်ထမ်းတစ်ဦး ထိခိုက်ဒဏ်ရာရ

နေပြည်တော် နိုဝင်ဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွားရ၍ NGO(ASELF Tot Health) အဖွဲ့မှ ကျန်းမာရေးဝန်ထမ်းတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၈ ရက် နံနက် ၁၀ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ထန်းပင်ကုန်း-ကြာတကန်ကျေးရွာချင်းဆက်လမ်း ကြာတကန်ကျေးရွာ၏ အရှေ့ဘက် လေးဖာလုံခန့်အကွာ ရေကျော်အနီး၌ ပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ NGO(ASELF Tot Health)အဖွဲ့မှ ဌက်ဖျား/တီဘီရောဂါ တိုက်ဖျက်ရေးဝန်ထမ်းဖြစ်သူ ကျွန်းလှမြို့နယ် ပျဉ်းမမြိုင်ရပ်ကွက်နေ ကိုပြည့်စုံအောင်(၂၆)နှစ် (ဘ) ဦးထွန်းမြင့်သည် ကြာတကန်ကျေးရွာရှိ တီဘီရောဂါဖြစ်ပွားသူများအား ကျန်းမာရေးစစ်ဆေးပေးရန်အတွက် ထန်းပင်ကုန်း-ကြာတကန် ရွာချင်းဆက်လမ်းအတိုင်း ဆိုင်ကယ်ဖြင့် ထွက်ခွာလာစဉ် အခင်းဖြစ်နေရာအရောက် PDF အမည်ခံအကြမ်းဖက်အဖွဲ့က ထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် ကိုပြည့်စုံအောင်တွင် မိုင်းစ ထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးကုသနိုင်ရေး ကျွန်းလှမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

ထိုကဲ့သို့ ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးနေသည့် NGO(ASELF Tot Health)အဖွဲ့မှ ကျန်းမာရေးဝန်ထမ်းများအား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ကာ ထိခိုက်ဒဏ်ရာများရရှိစေခဲ့သူ အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဟောင်း ဦးလှသိန်းနှင့် အဖွဲ့ဝင်ဟောင်း ဦးမြင့်နိုင်တို့၏ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမဲမသမာမှုဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်ဒဏ်ကျခံရမှုအပေါ် ဖြေလျှော့ကင်းလွတ်ခွင့်ပြုခဲ့သည့် ထုတ်ပြန်ချက်

နေပြည်တော် နိုဝင်ဘာ ၉

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တာဝန်အား လွှဲပြောင်းရယူပြီးနောက် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် အစဉ်အမြဲရှေးရှုဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးရည်ရွယ်၍ ပြစ်ဒဏ်ကျခံနေရသူများ အပေါ်တွင်သော်လည်းကောင်း၊ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေသူများ အပေါ်တွင်လည်းကောင်း အတတ်နိုင်ဆုံး အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် အနိုင်ရပါတီအစိုးရမှ ၂၀၂၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲအတွက် ခန့်အပ်ထားပြီး ရွေးကောက်ပွဲတွင် မဲမသမာမှုများလုပ်ဆောင်ခဲ့၍ ရာဇသတ်ကြီးပုဒ်မ ၁၃၀(က)ဖြင့် ထောင်ဒဏ် ၃ နှစ်စီ ပြစ်ဒဏ်အသီးသီး ချမှတ်ခြင်းခံထားရသူများ အနက် ယခင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဟောင်းဖြစ်သူ ဦးလှသိန်းနှင့် ကော်မရှင်အဖွဲ့ဝင်ဟောင်းဖြစ်သူ ဦးမြင့်နိုင်တို့လည်း ပါဝင်ခဲ့သည်။ တပ်မတော်အနေဖြင့် ၎င်းတို့၏ ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းမှုနှင့်ပတ်သက်သည့် ထုတ်ပြန်ချက်အပေါ် ပြန်လည်ဖြေရှင်းပေးရန် တောင်းဆိုမှုနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတဟောင်းဖြစ်သူ ဦးဝင်းမြင့်ထံ ၎င်းတို့မှတင်ပြခဲ့သော်လည်း နိုင်ငံတော်သမ္မတဟောင်းက ၎င်း၏နိုင်ငံရေးအရ ရရှိထားသည့် အခွင့်အာဏာထက်ကျော်လွန်ကာ ကော်မရှင်လုပ်ဆောင်ချက်များအပေါ် လွှမ်းမိုးထားမှုရှိခဲ့ပြီး မဲစာရင်းများကို ပြန်လည်စစ်ဆေးရန် ငြင်းဆန်ခဲ့ကြောင်း ၎င်းတို့ကိုယ်တိုင်၏ ထုတ်ဖော်ပြောဆိုချက်များအရ အများပြည်သူတို့သိရှိပြီးဖြစ်သည်။

၃။ အဆိုပါပြစ်မှုကျူးလွန်သူများအနေဖြင့် ပြစ်ဒဏ်ကျခံရာတွင် ၎င်းတို့၏ အသက်အရွယ်ကြီးမြင့်မှုနှင့် ကျန်းမာရေးအခြေအနေတို့အရ ၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုများအပေါ်ဝန်ခံလျက် ဆက်လက်ကျခံရန်ကျန်ရှိနေသည့်ပြစ်ဒဏ်အား ဖြေလျှော့ပေးပါရန် နိုင်ငံတော်အစိုးရထံသို့ အသနားခံစာတင်ပြခဲ့ကြသည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် ယခင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဟောင်းဖြစ်သူ ဦးလှသိန်းနှင့် အဖွဲ့ဝင်ဟောင်းဖြစ်သူ ဦးမြင့်နိုင်တို့အား လူမှုရေးအရင့်ညှာသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့်စေတနာကို နားလည်စေရန်ရှေးရှုသောအားဖြင့်လည်းကောင်း ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့၌ ဆက်လက်ကျခံရန်ကျန်ရှိနေသည့် ပြစ်ဒဏ်များအား ဖြေလျှော့ပေး၍ ကျခံနေရသည့်ပြစ်ဒဏ်အသီးသီးမှ ဖြေလျှော့ကင်းလွတ်ခွင့်ပြုခဲ့ကြောင်း ထုတ်ပြန်အပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့

မီးဘေးသင့်ဘုန်းတော်ကြီးကျောင်း ပြန်လည်တည်ဆောက်နိုင်ရေး အလှူငွေနှင့် လှူဖွယ်ပစ္စည်းများပေးအပ်

သထုံ နိုဝင်ဘာ ၉

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏာဝတီမြို့ သိမ်ဆိပ်ရပ်ကွက်တွင် မီးဘေးသင့်ခဲ့ရသည့် သိမ်ဆိပ်ကျောင်းကြီး အသစ်ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ယနေ့နံနက်က တာဝန်ရှိသူများပူးပေါင်းကာ အလှူငွေ၊ သက်နီးနှင့် လူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို အဆိုပါကျောင်းတိုက်ဓမ္မာရုံ၌ ပြုလုပ်သည်။

အခမ်းအနားတွင် သထုံတပ်နယ်မှူး ဗိုလ်မှူးကြီးအောင်အောင်ဟိန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှိုင်ထွန်း၊ ခရိုင်နှင့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်ဘေးအန္တရာယ်ဆိုင်စီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တက်ရောက်လာသူများက သိမ်ဆိပ်ကျောင်းကြီးဆရာတော်ထံမှ သီလခံယူဆောက်တည်ကြသည်။

ယင်နောက် သထုံတပ်နယ်မှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သံဃာတော်များအတွက် ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာများမှ စုပေါင်းလှူဒါန်းသည့် အလှူငွေများ၊ သက်နီး ၁၇၉ စုံ၊ ဆန် ၂၄ ပြည်ပါခြောက်အိတ်၊ ၁၂ ပြည်ပါ နှစ်အိတ်၊ ခြောက်ပြည်ပါ လေးအိတ်၊ ခေါင်းအုံး၊ စောင်၊ ခြင်ထောင်၊ အိပ်ရာခင်း ၁၀ စုံ၊ ဆပ်ပြာအမွှေး၊ အကြမ်း၊ အမှုန့်များစသည့် စုစုပေါင်းငွေကျပ် ၁၅၃၅၃၃၀၀ တန်ဖိုးရှိ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို သိမ်ဆိပ်ကျောင်းကြီးဆရာတော်ထံ လှူဒါန်းပေးအပ်ကြကာ လှူဒါန်းမှုတို့အတွက် ရေစက်သွန်ချ အမျှပေးဝေခဲ့ကြသည်။

အဆိုပါကျောင်းတိုက်မှာ နိုဝင်ဘာ ၈ ရက် နံနက်က မီးဘေးသင့်ခဲ့ရပြီး သံဃာတော်များသီတင်းသုံးနေထိုင်သည့် ပေ ၈၀ ပတ်လည်ခန့်ရှိ နှစ်ထပ်ကျောင်းဆောင်တစ်ဆောင်နှင့် ကျောင်းတိုက်ရှိ ယာဉ်နှစ်စီးတို့ မီးလောင်ဆုံးရှုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **နဒီ(ပြန်/ဆက်)**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၁၁-၂၀၂၂

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၀၂၅	၂၀၇၀	၂၀၆၅	၂၀၃၅	၂၀၇၀	၂၀၉၅	၂၀၈၀	၂၀၅၅	၂၁၅၀	၂၁၆၅	၂၀၆၅	၂၀၇၀	၂၁၀၅	၂၁၀၅	၂၁၁၀	၂၃၃၀	၂၉၂၀
95 Ron	၂၁၄၅	၂၁၉၀	၂၁၉၀	၂၁၅၅	၂၁၉၀	၂၂၁၅	၂၂၀၀	၂၁၇၅	၂၂၇၀	၂၂၈၅	၂၁၈၅	၂၂၀၀	၂၂၂၅	၂၂၂၅	၂၂၃၀	၂၄၅၀	၃၀၀၀
HSD (500 ppm)	၂၆၂၅	၂၆၇၅	၂၆၇၀	၂၆၃၅	၂၆၇၀	၂၆၉၅	၂၆၉၀	၂၆၆၀	၂၇၇၅	၂၇၇၀	၂၆၆၅	၂၆၇၅	၂၇၁၀	၂၇၁၀	၂၇၁၀	၂၉၃၀	၃၆၄၅
HSD (50 ppm)	၂၇၀၀	၂၇၅၀	၂၇၄၅	၂၇၁၀	၂၇၄၅	၂၇၇၀	၂၇၆၅	၂၇၃၅	၂၈၄၅	၂၈၄၀	၂၇၄၀	၂၇၅၀	၂၇၈၀	၂၇၈၅	၂၇၈၅	၃၀၀၅	၃၆၇၅
HSD (10 ppm)	၂၇၀၀	၂၇၅၀	၂၇၄၅	၂၇၁၀	၂၇၄၅	၂၇၇၀	၂၇၆၅	၂၇၃၅	၂၈၄၅	၂၈၄၀	၂၇၄၀	၂၇၅၀	၂၇၈၀	၂၇၈၅	၂၇၈၅	၃၀၀၅	၃၆၇၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၉၂၆	၁၉၉၈
95 Ron	၂၀၄၂	၂၁၁၇
HSD (500 ppm)	၂၅၁၁	၂၅၉၁
HSD (50 ppm)	၂၅၈၂	၂၆၆၃
HSD (10 ppm)	၂၅၈၂	၂၆၆၃

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီးတွင် ဓာတ်လှေကားတပ်ဆင်ပြီးစီး ဖွင့်လှစ်ခြင်းနှင့် ဘက်စုံပြုပြင်မွမ်းမံခြင်းအတွက် ရေစက်ချအလှူတော်မဂ်လာကျင်းပ

ပဲခူး နိုဝင်ဘာ ၉

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်၍ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီးအား အမိုးများအသစ်လဲလှယ်ခြင်း၊ ဘုံအဆင့်များ ပြုပြင်၍ ရွှေရောင်စတီးပန်းများ တပ်ဆင်ခြင်း၊ အောက်ထပ်တွင် ပန်းတမော့လက်ရာများဖြင့် အဆင့်မြှင့်တင်ခြင်း၊ မြန်မာမှုများ ပြန်လည်ပြင်ဆင်ခြင်း၊ ဆေးသုတ်ခြင်း၊ ကြွေပြားခင်းခြင်း၊ အပေါ်ထပ် အဲကွန်းများ တပ်ဆင်ခြင်း၊ ထရန်စဖော်မာ ၂၀၀ ကေဗီအေ တပ်ဆင်ခြင်း၊ လမ်းမီးတိုင်နှင့် လျှပ်စစ်မီးလိုင်းများ အသစ်တပ်ဆင်ခြင်း၊ ဓာတ်လှေကား တပ်ဆင်ခြင်း၊ ခြံစည်းရိုးကာရံခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ စေတနာရှင်ပြည်သူများ စုပေါင်းကာ ထိုသို့ ဘက်စုံပြုပြင်မွမ်းမံခဲ့ခြင်းတို့အတွက် ရေစက်ချ အလှူတော်မဂ်လာ အခမ်းအနားကို နိုဝင်ဘာ ၇ ရက်က အဆိုပါ ဗိမာန်တော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဗုဒ္ဓအသံ ဓမ္မဗိမာန်တော်ကြီးတွင် တပ်ဆင်ပြီးစီးခဲ့သည့် ဓာတ်လှေကားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကြွရောက်လာသည့် သြဝါဒါစရိယ ဆရာတော်ကြီးများက ဇယန္တောဗောဓိယာမူလေ အောင်ဂါထာအား ရွတ်ဆိုကြကာကြွရောက်လာသည့် ဆရာတော်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စက်လှေကား ကမ္ဘည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။

ထို့နောက်ရေစက်ချအလှူတော် မဂ်လာအခမ်းအနား ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော်သြဝါဒါစရိယ မြို့မစာသင်တိုက် ပဓာနနာယက ဆရာတော် အဘိဓေမဟာရဋ္ဌဂုရု ဘဒ္ဒန္တဂန္ဓမာ မဟာထေရ်မြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှအတမ်းပေးဝေကြကာ ကြွရောက်လာသည့် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီးကို ၁၉၉၅ ခုနှစ် အောက်တိုဘာ ၂၀ ရက်က စတင်တည်ဆောက်ခဲ့ရာ ယခုအခါ နှစ်ပေါင်း ၂۷ နှစ်ကြာမြင့်ခဲ့ပြီဖြစ်ပြီး ဘုံအဆင့် ပြာသာဒ်များ၊ အမိုးသွပ်ပြားများနှင့် မြန်မာမှုခြူးပန်းခြူးနွယ်လက်ရာများ ပျက်စီးဆွေးမြည့်ယိုယွင်းလာသည့်တွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ဘက်စုံပြုပြင်မွမ်းမံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

■

SIM Card များ မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့်အချက်အလက်များကို လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက်မှန်ကန် စွာဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဆင်းကတ်မှတ်ပုံတင်သည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်/မမှန် စစ်ဆေးပြီး ပြင်ဆင်ရန်လိုအပ်ပါက (၃၁-၁-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်/မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း(MPT) အတွက် *601# ၊ Atomအတွက် *979*3*3#၊ Ooredoo အတွက် *666# ၊ Mytel အတွက် *966# သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဆက်သွယ်ရေးညွှန်ကြားမှူဦးစီးဌာန

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၉

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျားမိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း(၆၀) ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ မိုး/ဇလ

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသည့် တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)သည် ယနေ့တွင် ဟိုင်းကြီးကျွန်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် အခြေပြု၍ ဒေသခံပြည်သူ ၁၀၂၅ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှု ဆိုင်ရာရောဂါ ၂၀၉ ဦး၊ ခွဲစိတ်ရောဂါ ၇၇ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၄၂ ဦး၊ ကလေးရောဂါ ၄၈ ဦး၊ အရိုးရောဂါ ၁၅၈ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၂၇ ဦး၊ မျက်စိရောဂါ ၄၁၉ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၄၅ ဦး စုစုပေါင်း ၁၀၂၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ထို့အပြင် အာထရာဆောင်းဖြင့်စမ်းသပ်စစ်ဆေးလူနာ ၂၄ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၄၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၈၈ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ယနေ့တွင် လာရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများအား ဟိုင်းကြီးကျွန်းမြို့ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများက နေ့လယ်စာနှင့်အာဟာရဖြည့်စားသောက်ဖွယ်ရာများ ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အင်းစိန်မြို့နယ်၌ ယာဉ်အန္တရာယ်ကင်းဝေးစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာစစ်ဆေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ယာဉ်အန္တရာယ်ကင်းဝေးစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်း လုပ်ငန်းများကို ယနေ့ နံနက် ၉ နာရီက အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် မင်းကြီးလမ်းမ (ဗဟိုလမ်း)ရှိ အထက(၁)ကျောင်းရှေ့၌ ဆောင်ရွက်သည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မင်းကြီးလမ်း(ဗဟိုလမ်း) အထက(၁) ကျောင်းရှေ့လမ်းမတွင် ဖြတ်သန်းသွားလာသည့် ယာဉ်များကို အန္တရာယ်ကင်းဝေးစေရန် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ ယာဉ်မောင်းနှင်သူတစ်ဦး လိုက်နာရမည့် စည်းကမ်းချက်များနှင့်ယာဉ်စည်းကမ်းနှင့် လမ်းစည်းကမ်းများ သိရှိလိုက်နာစေရန် စသည့် အသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ခြင်းကို အင်းစိန်မြို့နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအဖွဲ့၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထွဋ်၊ အဖွဲ့ဝင် (၁) ဗိုလ်မှူးသုခလှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး သန့်ဇင်၊ အမှတ် (၆၉) ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူး တင်ကိုနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဉာဏ်ဟိန်း

မအူပင်မြို့နယ်၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများ၊ ပြည်သူများ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

မအူပင် နိုဝင်ဘာ ၉

ဧရာဝတီ တိုင်းဒေသကြီး မအူပင်မြို့နယ်၌ နယ်မြေစိုးမိုးရေးအတွက် စစ်ကြောင်းကြီး ငါးကြောင်းဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် မြို့ပေါ်ရပ်ကွက်အတွင်းရှိ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ တွေ့ဆုံပွဲကို မအူပင်မြို့အမှတ်(၃)ရပ်ကွက်ရှိ သာသနာ့ဗိမာန်တော်ကြီးအတွင်း၌ ယနေ့ကျင်းပခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများက တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေး၊ မှုခင်းလျှောနည်းကျဆင်းရေး၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများ လွယ်ကူစွာပြုလုပ်နိုင်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေး စသည့်လုပ်ငန်းကိစ္စရပ်များအား သက်ဆိုင်ရာ ဌာနများအလိုက် ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့် ပြည်သူများက သိရှိလိုသည်များ မေးမြန်းရာ သက်ဆိုင်ရာ ဌာနအလိုက် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ မအူပင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

✪ ကျောဖုံးမှ

သဘာဝ ငါးမျိုးစိတ်ပေါင်းများစွာရှိပြီး သဘာဝအလျောက် ပေါက်ရောက်နေသော ဒီရေတောများသည် မြင်ရသူ ခရီးသွားများအတွက် စိတ်ချမ်းမြေ့ဖွယ်ဖြစ်ပြီး မြိတ်မြို့မှတစ်ဆင့် ကျွန်းစုမြို့နယ်အတွင်းရှိ စမတ်ကျွန်းကို သွားရောက်မည်ဆိုပါက ရေမိုင် ၅၁ မိုင်ခန့်ကွာဝေးပြီး ခရီးသွားများအနေဖြင့် Speed Boat ဖြင့်သွားပါက Speed Boat အမျိုးအစားပေါ်မူတည်ပြီး နှစ်နာရီ ကျော်ခန့် အချိန်ကြာမှသာ စမတ်ကျွန်းကို ရောက်ရှိမည်ဖြစ်သည်။

"စမတ်ကျွန်းခရီးစဉ်က မပါမဖြစ်ဆွဲရတဲ့ ခရီးစဉ်တစ်ခုပါ။ မြိတ်ကျွန်းစုအတွင်းမှာရှိတဲ့ ဘေလီ၊ ကြယ်လိပ်၊ စမတ်ကျွန်းက ခရီးသွားတွေ အများဆုံး စိတ်ဝင်စားတဲ့ကျွန်းတွေပါ။ အဲဒီအထဲက စမတ်ကျွန်း (ခ)ပါပန့်ကျွန်းက အထူးခြားဆုံးပါ။ တစ်ဖက်ကမ်းခြေက ကျောက်စရစ်ကမ်းခြေ၊ နောက်တစ်ဖက်က ဖြူဖွေးနေတဲ့ သဲသောင်းကမ်းခြေဖြစ်ပါတယ်။ ကမ်းခြေမှာလည်း လှပပြီး ထူးခြားနေတဲ့ ကျောက်ဆွယ်၊ တိုးလျှို့ပေါက်ဂူတွေ၊ ကျောက်ဆောင်တွေက ခရီးသွားတွေကို ဆွဲဆောင်မှုဖြစ်ပေါ်စေပါတယ်။ တစ်ကမ္ဘာလုံးမှာတောင် လက်ချိုးရေတွက်လို့ရတဲ့ ကျွန်းမျိုးပါ။ မြိတ်ကျွန်းစုအတွင်းမှာဆိုရင် တစ်ခုတည်းရှိတာပါ။ ခရီးသွားလုပ်ငန်းဖော်ဆောင်ဖို့နဲ့ ကျွန်းရဲ့သဘာဝအလှအပတွေကို ထိန်းသိမ်းဖို့ လိုအပ်ပါတယ်" ဟု မြိတ်ခရိုင်ရှိ ခရီးသွားအေဂျင်စီတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရှားပါးပြီး ထူးခြားလှသည့် ကျွန်းပေါ်ရှိ ကျောက်စရစ်များကို ခရီးသွားတချို့က ကောက်ယူသွားလေ့ရှိသဖြင့် ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများနှင့် ဧည့်လမ်းညွှန်များက ခရီးစဉ်တစ်လျှောက် သတိပေးတားမြစ်မှုများ လုပ်ဆောင်ပေးနေရကြောင်း၊ ကျောက်စရစ်ကမ်းခြေနှင့် သဲသောင်ပြင်ကမ်းခြေနှစ်ခုကြား အမြဲစိမ်းစိုနေသည့် သစ်တောနှင့် နှစ်ဖက်ပေါက်ကျောက်လိုဏ်ဂူပါရှိသော ထူးခြားလှသည့် စမတ်ကျွန်းသို့ မဖြစ်ခရီးစဉ်တစ်ခုအနေဖြင့် လာရောက်လည်ပတ်နေကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

ရွေးကောက်ပွဲဆိုင်ရာ အသိပညာများ ရရှိစေရန် စာအုပ်များ ပြုစုထုတ်ဝေ









မဲဆန္ဒရှင်ပြည်သူများ ရွေးကောက်ပွဲဆိုင်ရာ အသိပညာများရရှိစေရန် ရည်ရွယ်၍ အောက်ဖော်ပြပါစာအုပ်များကို ပြုစုထုတ်ဝေထားပြီးဖြစ်ရာ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ကမ္ဘာ့နိုင်ငံရေး၊ မြန်မာ့နိုင်ငံရေးနှင့် ရွေးကောက်ပွဲအကြောင်း စိတ်ပါဝင်စားသူများ အနေဖြင့် ဖတ်ရှုလေ့လာနိုင်ရေး စုဆောင်းထားရှိသင့်သည့် စာအုပ်ကောင်းများ ဖြစ်ပါသည် -

၁။ ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ်လေ့လာခြင်း အတွဲ (၁)
၂။ ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ်လေ့လာခြင်း အတွဲ (၂)
၃။ မြန်မာနိုင်ငံရေးပါတီများ (၂၀၂၂)
၄။ မြန်မာနိုင်ငံတွင် ပြောင်းလဲကျင့်သုံးမည့် အချိုးကျကိုယ်စားပြုစနစ်

ဝယ်ယူလိုသူများအနေဖြင့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးစာပေဖိမာန် အရောင်းဆိုင်များ၊ ရုံးအမှတ် (၂၂) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဆက်သွယ်ဝယ်ယူနိုင်မည် ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက ဖုန်း - ၀၆၇-၃၄၀၄၃၃၃ ၊ ၀၆၇-၃၄၀၄၂၄၀

အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၅/ ၂၀၂၂) ဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊

မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွာငံနှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာနှစ်တစ်နှစ်လျှင်သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ် တစ်ခုလျှင် ရက်သတ္တခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည်။ ထို့အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် သင်တန်းအပတ်စဉ် (၅/၂၀၂၂)အား အောက်တိုဘာ ၁၇ ရက်မှ နိုဝင်ဘာ ၂၅ ရက်အထိ ဖွင့်လှစ်လျက်ရှိပြီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း ၁၀ ကျောင်းတွင် အောက်တိုဘာ ၃၁ ရက်အထိ သင်တန်းသား သင်တန်းသူ ၄၀၁ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

"နိပါတ်တော်လာ ဇာတ်သဘင်မဟာအစီအစဉ်" အဖြစ် " ဥဂ္ဂါသေန "ဇာတ်တော်ကို မြန်မာ့ရုပ်မြင်သံကြားခ၌ ဆက်လက်ပြသမည်

နေပြည်တော် နိုဝင်ဘာ ၉

မိဘပြည်သူများ ဇာတ်သဘင် ဖျော်ဖြေတင်ဆက်မှုဖြင့် စိတ်အပန်းပြေစေရန်၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များအကြောင်း သိရှိနားလည်ပြီး အသိပညာဗဟုသုတရရှိနိုင်ရန်နှင့် သဘင်ပညာရှင်များ၏ အနုပညာစွမ်းရည်များ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်များဖြင့် "နိပါတ်တော်လာ ဇာတ်သဘင်မဟာအစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို အောက်တိုဘာ ၂၂ ရက်မှစတင်၍ အပတ်စဉ်စနေနေ့ ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသ လျက်ရှိသည်။

အဆိုပါ အစီအစဉ်မှ "ဥဂ္ဂါသေန" ဇာတ်တော်ကို သဘင်ပညာရှင် ပတ္တမြားကေခိုင် စီစဉ်ပြီး Art Director ဆန်းမင်း၏ အနုပညာဖန်တီးမှု၊ ရွာစားဝါးခယ်မ စိန်မုန့်လုံး၏ တီးခတ်မှုနှင့်အတူ စျာန်ဟိန်း ၊ ဆန်းနေအောင်၊ ထက်ကို၊ နန်းခင်မွေး၊ငြိမ်းချမ်းခိုင် တို့နှင့်အတူ သဘင်ပညာရှင်များ၊ အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည် ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို နိုဝင်ဘာ ၁၂ ရက် (စနေနေ့) ည ၉ နာရီတွင် ပြသမည်ဖြစ်ပြီး နိုဝင်ဘာ ၁၆ ရက် (ဗုဒ္ဓဟူးနေ့) ည ၉ နာရီတွင်လည်း ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

သုတဝေဖြာ သိရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ် လူရွှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်

နေပြည်တော် နိုဝင်ဘာ ၉

သုတဝေဖြာသိရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၉၁)ကို နိုဝင်ဘာ ၁၁ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည် ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင်နှင့် သိမ့်သိမ့်အောင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို နိုဝင်ဘာ ၁၁ရက်၊ ၁၂ ရက်နှင့် ၁၃ ရက်များတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD မှည ၇ နာရီတွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှမော်တော်ယာဉ်ကိုကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသောမော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ/ မရှိ ၊
(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ/ မရှိ၊
(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း/ မရှင်း။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ဓာတ်ခွဲနမူနာစုစုပေါင်း ၉၉၄၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၀ တွေ့ရှိ

ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
(၉-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၈-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၉၄၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၀) တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၇)ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၄၉၄,၇၃၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၂,၄၆၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၀၃) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၀၆,၇၂၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၆) ဦးရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၈-၁၁-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၇၂၇,၆၄၄)ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၇၀၇,၂၅၀) ဦးတို့အား ထိုးနှံထားရှိပြီးဖြစ်ပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု
(၈-၁၁-၂၀၂၂ ရက်နေ့အထိ)

အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း	၃၀,၇၂၇,၆၄၄
အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း	၆,၇၀၇,၂၅၀

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၁၈)ရက်ဆက်တိုက် (၂)ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့် အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း)ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့်တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အမေရိကန်	၉၉၆၉၇၉၂၂	၉၇၂၈၇၁၄၁	၁၀၉၈၅၂၄
၂။	အိန္ဒိယ	၄၄၆၆၂၉၅၂	၄၄၁၁၈၈၈၂	၅၃၀၅၁၁
၃။	ပြင်သစ်	၃၇၀၁၂၃၁	၃၆၂၆၁၁၇	၁၅၇၅၄၆
၄။	ဂျာမနီ	၃၅၉၃၂၆၅	၃၄၇၃၂၆၀၀	၁၅၅၀၁၂
၅။	ဘရာဇီး	၃၄၉၀၉၄၈၀	၃၄၀၈၅၇၇၅	၆၈၈၅၃၉
၆။	တောင်ကိုရီးယား	၂၅၉၈၁၆၅	၂၅၂၄၁၆၅	၂၉၄၇၉
၇။	ဗြိတိန်	၂၃၉၃၀၀၄၁	၂၃၆၁၁၆၈	၁၉၄၇၀၄
၈။	အီတလီ	၂၃၆၄၀၁၁	၂၃၀၃၇၄၆	၁၇၉၄၃၆
၉။	ဂျပန်	၂၂၈၇၇၆၆	၂၀၅၃၀၆၅	၄၇၂၃
၁၀။	ရုရှား	၂၁၄၇၇၉၂	၂၀၈၇၆၈၉၂	၃၉၀၇၇၄

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	ဗီယက်နမ်	၁၁၅၀၇၁၂၄	၁၀၆၀၅၃၃၁	၄၃၁၆၆
၂။	အင်ဒိုနီးရှား	၆၅၃၁၇၂	၆၃၃၁၉၆၀	၁၅၈၉၀၉
၃။	မလေးရှား	၄၉၃၃၇၅၃	၄၈၆၁၇၉၂	၃၆၅၀၄
၄။	ထိုင်း	၄၆၉၅၂၀၇	၄၆၄၉၅၀၉	၃၂၉၉၅
၅။	ဖိလစ်ပိုင်	၄၀၁၁၆၂၅	၃၉၃၁၂၉၃	၆၄၂၉၈
၆။	စင်ကာပူ	၂၁၂၈၅၇၂	၂၀၄၉၀၄၇	၁၆၉၁
၇။	မြန်မာ	၆၃၂၄၆၁	၆၀၆၇၂၄	၁၉၄၈၆
၈။	ဘရူနိုင်း	၂၄၁၀၄၄	၂၂၂၁၄၀	၂၂၅
၉။	လာအို	၂၁၆၃၀၃	၂၀၈၃၄၄	၇၅၈
၁၀။	ကမ္ဘောဒီးယား	၁၃၇၉၉၆	၁၃၄၉၃၆	၃၀၅၆

ယင်းမာပင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးဆောင်ရွက်ပေး

ယင်းမာပင် နိုဝင်ဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ခြင်းလုပ်ငန်းကို နေ့ချင်းပြီးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းမာပင်မြို့နယ်သည် လက်ရှိနယ်မြေဒေသအခြေအနေအရ လုပ်ငန်းများဆောင်ရွက်ရန် အခက်အခဲရှိသော မြို့နယ်ဖြစ်သော်လည်း ကျေးရွာအုပ်စုများအတွင်းရှိ ဒေသခံလုပ်အားပေးကူညီလိုသူ ပြည်သူများမှတစ်ဆင့် ရှေ့ပြေးလျှောက်လွှာများ ကြိုတင်ဖြန့်ဝေဖြည့်သွင်းစေပြီး ယင်းမာပင်မြို့နယ် လဝကရုံးသို့ ဖိတ်ခေါ်ကာ ပန်းခင်းစီမံချက်အဆင့်(၂)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား များ နေ့ချင်းပြီးပြုလုပ်ပေးနေခြင်းဖြစ်ကြောင်း မြို့နယ်လဝကရုံးတာဝန်ရှိသူ၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ ပန်းခင်းစီမံချက်အဆင့်(၂)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ခြင်းလုပ်ငန်းကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီခွဲမှ ညနေ ၅ နာရီခွဲအထိ ရင်ပေါင်တိုင်ကျေးရွာအုပ်စု၊ ကုန်းရွာကျေးရွာအုပ်စု၊ လက်လှုပ်ကျေးရွာအုပ်စု၊ စုန်းကျင်းကျေးရွာအုပ်စုနှင့် စည်လှောင်ကျေးရွာအုပ်စုတို့မှ ပြည်သူ ၁၀၄ ဦးတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၀၄ ကတ်အား နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဝတ္ထုတို ဆုတောင်းတိုင်းသာပြည့်စေချင်

လင်းမောင်(စီးပွားရေး)

လူမှုကွန်ရက်စာမျက်နှာတွင် ကထိန်ပွဲလှည့်လည်သည့်ပုံများ၊ သတင်းများ ပလူပျံနေသည်။ ထိုအထဲကမှ ကျောင်းသား ကျောင်းသူများ၏ ကျောင်းကထိန်နှင့် ကျောင်းပဒေသာပင်လှည့်လည်ပွဲမြင်ကွင်းများက ကျွန်တော့်ရင်ကို အလွမ်းဓာတ်များဖြင့် ဖိစီးသွားအောင် နှိုးဆော်သည့်အလား ဖြစ်ပေါ်စေသည်။

ငယ်ငယ်တုန်းကပါဝင်ခဲ့သည့် ကျောင်းကြီးကထိန်ပဒေသာပင် လှည့်လည်ပွဲ၏ပုံရိပ်များကလည်း ရုပ်ရှင်ပြကွက်အလား တစ်မုဟုတ်ချင်း ပေါ်လာရတော့၏။

“ဟယ်လို သူငယ်ချင်းလား။ နိုင်နိုင်မျိုးသူငယ်ချင်း ငါပါ။ စကားပြောလို့ရလား”

“ရပါတယ် သူငယ်ချင်းပြောပါ”

ဇာတိမြို့မှာ ငယ်စဉ်အချိန်က ကျောင်းတက်ခဲ့သည့် ကိုးတန်း၊ ဆယ်တန်းမှ အတန်းဖော်သူငယ်ချင်းကို မေးစရာရှိ၍ ဖုန်းဆက်လိုက်ခြင်းဖြစ်သည်။ သူငယ်ချင်းကလည်း အလုပ်ကအများသား။ ဇာတိမြို့မှာပင် ဘဏ်အရာရှိ အစိုးရဝန်ထမ်းဖြစ်နေသဖြင့် စကားပြောရန်ဖြစ်နိုင်၊ မဖြစ်နိုင် ကြိုတင်မေးလိုက်မိခြင်းပင်။

“ငါတို့ ကိုးတန်းလား၊ ဆယ်တန်းတုန်းကလား သေချာမမှတ်မိတော့လို့ ကျောင်းကထိန်ပွဲမှာ ငါတို့အခန်းက ပဒေသာပင်အရုပ်ကို နင်များမှတ်မိသေးလားလို့ပါ”

“ဟေ– အဲဒါတော့။ အဲဒါတွေ မမှတ်မိဘူးသူငယ်ချင်းရေ”

အတန်ငယ်စဉ်းစားပြီးမှ သူငယ်ချင်းကပြန်ပြောသည်။ ကျွန်တော် အားမရသေး။ ဆယ်တန်းတုန်းက ဘီခန်း၏ အတန်းဖော်ဖြစ်သူ ဥမ္မာကျော်ကို မေးကြည့်လျှင်သိနိုင်လောက်မည်ဟုအတွေးပေါ်လာသဖြင့် နိုင်နိုင်မျိုးကိုပင် မေးပေးပါရန် အကူအညီတောင်းမိသည်။ ညပိုင်းတွင်ပြန်ပြောသည့် သူငယ်ချင်း၏အဖြေစကားက သူလည်း မမှတ်မိတော့ဟူ၍ဖြစ်သည်။ ကျွန်တော်အားမရနိုင်သေးပါ။ ရန်ကုန်မြို့ ဒဂုံမြို့ နယ် ယောမင်းကြီးရပ်ကွက်တွင်နေထိုင်သော သူငယ်ချင်းကိုဇော်လေးထံ ကိုယ်တိုင်သွားရောက်စပ်စုသော်လည်း သူလည်း ရေရေရာရာ မမှတ်မိကြောင်းသာသိရသဖြင့် လမ်းစပျောက်သွားတော့သည်။

“စက်ရုပ်ကြီးဖိုးပြုံးချို အရုပ်ပုံသဏ္ဌာန်လို့တော့ ထင်တယ်။ ဆရာမ ဒေါ်အုန်းမြိုင်အိမ်မှာ ကျောင်းသားတွေ စုပေါင်းလုပ်ဆောင်ကြတာလို့ ထင်တာပဲ။ အဲဒီအရုပ်လုပ်တာဟာ ကိုးတန်းတုန်းကလား၊ ဆယ်တန်းတုန်းကလားဆိုတာလည်း ဝေခွဲမရဘူးဖြစ်နေတယ်ဟာ”

“ကိုးတန်း ငါတို့အခန်းက အက်ဖ်ခန်းလေ၊ ဆရာဦးစဟန်စိုး အတန်းပိုင်ပေါ့။ အဲဒီတုန်းက ကထိန်ပဒေသာပင်လုပ်တာ နှစ်ကျကျောင်းသားကြီးတွေ လုပ်ကြတာလို့ထင်တယ်”

အတန်းဖော်သူငယ်ချင်း နိုင်နိုင်မျိုးပြောမှ အတွေးထဲတွင် ခပ်ရေးရေး မှတ်မိသယောင်ရှိလာသည်။ ၁၉၈၂-၁၉၈၃ ပညာသင်နှစ်ကိုးတန်းတုန်းက မြို့ပေါ်ကျောင်းသို့ ကျွန်တော်ရောက်ဖူးခါစနှစ်ဖြစ်သည်။ သူငယ်ချင်းလည်း တစ်ယောက်မျှမရှိသေးသဖြင့် ကျောင်း၏ လှုပ်ရှားမှုများတွင် မပါဝင်လောက်သေးသည်မှာ သေချာသည်။

“ဟုတ်မယ်သူငယ်ချင်းရေ။ ဒါဆိုရင် ကျောင်းကထိန်အတွက် အတန်းထဲမှာ ပဒေသာပင်လုပ်ဖို့ ဝန်းရံတာဟာ ဆယ်တန်းမှာပဲ ဖြစ်လောက်တယ်။ ၁၉၈၃-၁၉၈၄ ပညာသင်နှစ်ပေါ့။ ဆရာမဒေါ်အုန်းမြိုင်အိမ်မှာ ပဒေသာပင်အရုပ်ကြီးလုပ်တာလို့တော့ မှတ်မိနေသလိုပဲ။ အဲဒီတုန်းက ဆင်းရဲတော့ ဓာတ်ပုံလည်းမရိုက်နိုင်ဘူးလေ။ ဒီခေတ်လို ဖုန်းတွေကလည်း မရှိသေးဘူးကိုး”

“ဟုတ်တယ်နော်၊ ခုခေတ်ကလေးတွေ ကံကောင်းကြတယ်။ ဓာတ်ပုံ မှတ်တမ်းတွေအလိုလိုရနေရောပဲ”

ကျွန်တော်နှင့်သူငယ်ချင်းဖြစ်သူတို့ မက်ဆင်ဂျာမှ စာရိုက်၍ဖြစ်စေ၊ ဖုန်းခေါ်၍ဖြစ်စေ ပြောဖြစ်ကြသည့် ငယ်ဘဝကျောင်းတက်စဉ်မှတ်တမ်းများကို မှတ်မိသလောက် ပြန်ရွေးဖြစ်ကြသည်။ အပေါင်းအသင်းနည်းပါးလွန်းသည့် ကျွန်တော့်အဖို့ နားထောင်ရုံသက်သက်သာဖြစ်သည်။ သူငယ်ချင်းပြောသမျှကို စိတ်မှာမှန်းဆလွမ်းရသည်သာ။

“နင် ဗညားတော့သိတယ်ပေါ့နော်”

“ဟုတ်တယ်။ ဗညားကိုသိတယ် ဆယ်တန်းစီခန်းကလေ။ အောင်ဆန်းဦးတို့၊ မောင်မောင်လတ်တို့၊ သန်းဦးတို့ကိုလည်းသိတယ်။ အခုအထိလည်း မှတ်မိတယ်။ ကျန်တာတော့ မမှတ်မိဘူး။ တချို့ကိုတော့ ဓာတ်ပုံမြင်ရင် မှတ်မိသလိုပဲ နာမည်နဲ့တော့ မသိဘူးပေါ့ဟာ”

ကထိန်ရာသီများရောက်လာလျှင် ကျောင်းကြီးကထိန်ကို လွမ်းမိနေဆဲပင်။ စာမေးပွဲတွေအပြီး သော်ကဘုရားပွဲနဲ့ ကြုံရတာကိုလည်း သတိရမိသည်။ ဖုန်တထောင်းထောင်းဖြင့်လှည်းစီးရသည့်အရသာကို ယခုအချိန်အထိ အမှတ်တရရှိနေဆဲ။ အမှတ်ရစရာများကား ရာသီအလိုက်ရှိနေသည်။ သတိရစရာ မကုန်နိုင်ဖြစ်ရသည်။ လွမ်း၍ မကုန်နိုင်ဖြစ်ရသည်။ လွမ်းသဖြင့် ဇာတိမြို့သို့ရောက်အောင်လည်း မသွားဖြစ်နိုင်ခဲ့။ ရွာသို့ပြန်ဖြစ်သည့်အခါ ဖြတ်သွားဖြတ်လာရသည့် ရှားရှားပါးပါး အချိန်အနည်းငယ်မျှသာ မြို့ပေါ်သို့ခြေချဖြစ်တော့သည်။

တစ်ချိန်ချိန်တွင် မြို့ပေါ်မှ ကျောင်းနေဖက်သူငယ်ချင်းများကို တွေ့ချင်ဆုံချင်မိသည်။ မြို့ပေါ်မှ သူငယ်ချင်းများဖြစ်ကြသော ခင်မင်ရင်းစွဲလည်းရှိသူ နိုင်နိုင်မျိုးတို့၊ သန်းဦးတို့ကို ပြန်လည်မိတ်ဆက်ပေးရန် ပြောပြဖူးသည်။ သို့တိုင် ဇာတိမြို့သို့ အေးအေးဆေးဆေးကို ပြန်မရောက်ဖြစ်သေး။

“နင်တို့ရွာကကျောင်းတောင် အထက်တန်းကျောင်းဖြစ်သွားပြီနော်၊ နင်တို့ရွာက ဆရာမဌေခဲကိုသိတယ်”

ဆရာမဌေခဲတို့မိသားစုက ရန်ကုန်မှာ ကြီးပွားချမ်းသာနေပြီ။ တောင်ဒဂုံမြို့တ်လမ်းမှာ ခြံနဲ့ဝင်းနဲ့ကိုနေနိုင်ကြတာ၊ မိသားစုအားလုံးလိုလို ရန်ကုန်မှာရောက်နေကြတာပေါ့”

ဆရာမဌေခဲတို့အိမ်သည် ကျွန်တော်တို့ရွာသားများအတွက် စားအိမ်သောက်အိမ်ဖြစ်ကြောင်း၊ ရွာအလွမ်းပြေသွားဖြစ်သည့် အိမ်တစ်အိမ်လည်းဖြစ်ကြောင်း၊ ရန်ကုန်ရောက်ရွာသားများ၏ စုရပ်သဖွယ်လည်းဖြစ်ကြောင်း၊ ကျွေးချင်မွေးချင်စိတ်ရှိကာ စိတ်ရင်းစေတနာကောင်းရှိသူများဖြစ်ကြောင်း သူငယ်ချင်းနိုင်နိုင်မျိုးကို ပြန်ပြောပြဖြစ်သည်။

ကျွန်တော့်အား ခင်မင်ကာစကားလက်စုံကျသည်အထိ ပြောဖော်ရသည့်သူငယ်ချင်းကို အထူးကျေးဇူးတင်မိသည်။

တစ်နေ့က ကျွန်တော့်ဇာတိရွာက ကျွန်တော်ငယ်စဉ်ကပညာသင်ယူခဲ့သည့် ကျောင်း၏ကထိန်ပွဲတွင် ပဒေသာပင်များကို ရွာအတွင်းလှည့်လည်ကြသည်ကို လူမှုကွန်ရက်စာမျက်နှာတွင် တွေ့လိုက်ရသည်။

ဟိုတစ်ချိန်က မူလတန်းကျောင်းသာ။ ရွာမှ မူလတန်းဆရာများဖြစ်ကြသော ဆရာဦးလှအောင်၊ ဆရာဦးလှထွန်းတို့နှင့် ရပ်မိရပ်ဖများဖြစ်ကြသော ဦးကျော်ဇော၊ ဦးအောင်တု၊ ဦးချစ်စု၊ ဦးမိုန်၊ ဦးနီ၊ ဦးဖြူ၊ ဦးကြွက်၊ ဦးအေးမောင် စသည့် ရွာနှင့်ရွာမှ မျိုးဆက်သစ်ကလေးများကို တန်ဖိုးထားချစ်ခင်ကြသူများ၏ကျေးဇူးကြောင့် တွဲဖက်အလယ်တန်းကျောင်းမှ အလယ်တန်းကျောင်း။ ထိုမှ တွဲဖက်အထက်တန်းကျောင်း၊ နောက်ပိုင်းတွင် အထက်တန်းကျောင်းဟူ၍ အဆင့်ဆင့်တိုးတက်လာခဲ့ခြင်းဖြစ်သည်။

“ရွာကျောင်းမှာ တက္ကသိုလ်ဝင်တန်းအတွက် စာစစ်ဌာနရရှိဖို့ ကြိုးစားနေတယ်”

ယနေ့အချိန်တွင် ရွာကျောင်းအတွက် ရှေ့တန်းမှ ကူညီလုပ်ဆောင်ပေးနေကြသည့် ကိုကြည်ဝင်း၊ ကိုတင်အောင်စိုး၊ ကိုစိုးမြင့်တို့က ဖုန်းဆက်ပြောရှာသည်။ အစီအစဉ်တကျ ဌာနဆိုင်ရာအဆင့်ဆင့်ကထောက်ခံတင်ပြပေးမှုကြောင့် အထက်အဆင့်ဆင့်တာဝန်ရှိပုဂ္ဂိုလ်များကလည်း သိရှိပြီး စာစစ်ဌာနတစ်ခုရရှိမှာတော့ သေချာသည်။ အမြန်ဆုံး ယခုနှစ်စာမေးပွဲအမီ စာစစ်ဌာနရရှိပါစေဟုသာ ဆုတောင်းနေမိသည်။ ရွာက ကျောင်းသား ကျောင်းသူလေးများနှင့် ပတ်ဝန်းကျင်ရွာများမှ ကျောင်းသား ကျောင်းသူလေးများ မိမိတို့နေအိမ်ကနေ တက္ကသိုလ်ဝင်တန်းကို စရိတ်စကသက်သာစွာဖြင့် ဖြေဆိုနိုင်တော့မည့် အရေးကို အတွေးဖြင့်ပင် ကြည်နူးကျေနပ်မိသည်။

အနာဂတ်ကာလများတွင် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး အခြေခံကောင်းများဖြင့် စည်ပင်သာယာလာတော့မည့် ဇာတိရွာလေးကို အရောက်လှမ်းလာပြီး ရွာနှင့်မြို့က ကျောင်းနေဖက်သူငယ်ချင်းများနှင့် အားပါးတရစကားတွေ ဖောင်ဖွဲ့လိုက်ဦးမည်ဟု အတွေးနှင့်ပင် ကျေနပ်ပျော်ရွှင်မိပါတော့သည်။ ။

တောင်သမန်ဦးပိန်တံတားနှင့် ဖွားဖက်တော်တံတားလေးစင်း

မောင်ဓာတု

မန္တလေတိုင်းဒေသကြီး အမရပူရမြို့သည် ဇရာဝတီမြစ်၊ ဒုဋ္ဌဝတီမြစ်နှင့်ဆက်စပ်နေပြီး မြေနိမ့်ရေဝင်ဒေသဖြစ်၍ ရာသီမရွေး တစ်ရွာနှင့်တစ်ရွာ ကူးလူးသွားလာနိုင်သောတံတားများစွာရှိပါသည်။

ပုဂံမင်းလက်ထက်က တည်ဆောက်ခဲ့သည့် ဦးပိန်တံတားမှာ ကမ္ဘာသိအထင်အရှားရှိပြီး ဦးပိန်တံတားနှင့် သက်တမ်းမကွာသော ပုံစံတူ ကျွန်း (သစ်သား) တံတားများလည်း ရှိပါ၏။ ထိုပုံစံတူတံတားလေးစင်းမှာ ဖွားဖက်တော်တံတားများဟုဆိုနိုင်ပြီး တည်ဆောက်သူ၊ တည်ဆောက်ချိန် မသိရသော်လည်း ဒေသခံများအဆိုအရ ဦးပိန်တံတားမှ ပိုလျှံသစ်သားများနှင့် တည်ဆောက်ခဲ့သည်ဟု သိရသည်။

အမရပူရမြို့နန်းစံ ပုဂံမင်းလက်ထက်(ခရစ်နှစ် ၁၈၄၉-၁၈၅၁) အမရပူရမြို့စာရေး မောင်ပိန်က နှစ်နှစ်ကြာတည်ဆောက်ခဲ့ပြီး ဦးပိန်တံတားအမည်တွင်၍ တောင်သမန်အင်းကို ဖြတ်ကျော်ထားသောကြောင့် တောင်သမန်တံတားဟုလည်း ခေါ်ဆိုသည်။ အင်းဝနန်းတော်ဟောင်းမှ ကျွန်းတိုင်များကို အသုံးပြုခဲ့ခြင်းဖြစ်ပြီး ယခုအချိန်တွင် နှစ်ပေါင်း ၁၇၀ ကျော်ကြာခဲ့ပြီဖြစ်သည်။

အဆိုပါတံတားလေးစင်းကို တောင်သမန်အင်းအနောက်ဘက် ဟသံ်ကျေးရွာအုပ်စု၌ တွေ့ရမည်ဖြစ်သည်။ တံတားလေးစင်းမှာ တောင်ကြီးတံတား၊ ပန်းဘဲတံတား၊ ဘုံတောင်တံတား (သာလေစွတံတား)၊ တံတားလယ်တံတားတို့ဖြစ်၍ သစ်သားတံတားငယ်များ ဖြစ်သည်။ လက်ရှိတွင် ထိုတံတားများမှာ ယိုယွင်းလျက်ရှိရာ ရှေးဟောင်း ကျွန်းတိုင်လက်ကျန်အချို့သာ ရှိတော့ကြောင်း သိရသည်။

“ဒီတံတားအားလုံးက ဟသံ်အုပ်စုကျေးရွာ ခြောက်ရွာထဲမှာ

အမရပူရမြို့ရှိ တောင်ကြီးတံတား

ရှိတယ်။ ရေဝင်ဒေသတွေဖြစ်လို့ တစ်ရွာနဲ့တစ်ရွာ ရာသီမရွေးသွားလာရေးလွယ်ကူအောင်ဆောက်ခဲ့တာ။ တောင်ကြီးတံတားရဲ့ တိုင်တချို့မှာ မှန်စီရွှေချ အကွက်လေးတွေ တွေ့ရလို့ နန်းတော်တိုင်တွေဖြစ်မယ်လို့ ကျွန်တော့်အမေပြောဖူးတော့ ဦးပိန်ဆောက်ခဲ့တာပဲဖြစ်မယ်။ တိုင်တွေအခင်းတွေနဲ့ တည်ဆောက်ပုံက ဦးပိန်တံတားအတိုင်းပဲ” ဟု တောင်ကြီးတံတားအနီး ဟသံ်ရွာမှ အသက် (၆၂) နှစ်အရွယ်ရှိ ဦးလင်းက ပြောသည်။

တောင်ကြီးတံတားနှင့် ပန်းဘဲတံတားမှာ လူသိများပြီး ရှေးဟောင်းကျွန်းတိုင်လက်ကျန်အချို့ကို မြင်တွေ့နိုင်သေးသည်။ တောင်ကြီးတံတားမှာ တစ်ခန်းလျှင် ငါးပေခန့်ကွာပြီး အကျယ် လေးပေခန့်ရှိသည်။ တံတားတစ်ဖက်လျှင် ကျွန်းတိုင် ၃၀ ကျော်ရှိသဖြင့် စုံလိုက်ဆိုလျှင် တိုင်ပေါင်း ၆၀ ကျော်၊ တံတားအရှည်ပေ ၁၅၀ လောက်မှာ ရှေးမူမပျက်ကျန်ရှိပါသေးသည်။ ပန်းဘဲတံတားတွင် ကျွန်းတိုင်လေးတိုင်ခန့်သာ ကျန်ရှိ၍ တံတားအကျယ် ခုနစ်ပေခန့်ရှိပြီး တံတားကြမ်းခင်းများ၌ ဖာထေးသည့် ထပ်ပိုးသစ်သားများဖြင့် မည်မည်ညာတွေ့ခဲ့ရသည်။ ထိုတံတားကို ယနေ့တိုင်အသုံးပြုလျက်ရှိပြီး ရတနာဂူပွဲတော်ရက်တွင် ပုပ္ပားမယ်တော်နတ်နန်းသို့ တံတားပေါ်က သွားလာသူများပြားလေသည်။

အင်းဝမြို့နန်းစံဘုရင်နှင့် မိဖုရားတို့သည် အမရပူရသို့ ဖောင်တော်စီး၍ ဘုရားဖူးလာရောက်လေ့ရှိခြင်းကြောင့် ဖောင်တော်ဖြတ်သန်းရန် တံတားများ၏အလယ်၌ ဖောင်ကြောင်းထည့်သွင်းထားသည်။ သစ်သားပျဉ်ပြားကြီးများကို အသေခင်းထားခြင်းမဟုတ်ဘဲ လျှောထိုးဖယ်ရှားနိုင်ရန် ခင်းထားသည်။ ပုံမှန်ဆိုလျှင် တံတားပေါ်မှ အများသူငါ ဖြတ်သန်းနိုင်ပြီး ဖောင်တော်လာချိန် ထိုပျဉ်ချပ်များကို တံတားတစ်ဖက်တစ်ချက်သို့ဆွဲယူ၍ ရေလမ်းပွင့်ရန် စီမံထားခြင်းကို ဖောင်ကြောင်းဟုခေါ်သည်။ အဆိုပါတံတားလေးစင်းတွင် ဖောင်ကြောင်းတစ်ခုစီပါရှိပြီး ဦးပိန်တံတားတွင် ဖောင်ကြောင်း ကိုးခုပါရှိသည်ဟု သိရသည်။

အမရပူရမှ ဖွားဖက်တော်တံတားလေးစင်းတို့မှာ ဦးပိန်တံတားကဲ့သို့နှစ်ပေါင်း ၁၇၀ ကျော် ကြာခဲ့ပြီ ဖြစ်သည်။ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို အစဉ်အဆက်ထိန်းသိမ်းခဲ့ကြသော်လည်း လူသိနည်းသောတံတားလေးစင်းမှာ သမိုင်းစာမျက်နှာ၌ နေရာပျောက်နေသဖြင့် ခြေရာကောက်ကာ မှတ်တမ်းပြုဖော်ပြလိုက်ရပါတော့သည်။ ။

■

ရှေးခေတ်ရှမ်းတိုင်းရင်းသားပုံပြင်များ

ပါမောက္ခဒေါက်တာခင်ရီဝင်း

မိုးတိမ်

ရှေးလွန်လေပြီးသောအခါက ရွာတစ်ရွာတွင် ခင်မင်ရင်းနှီးသောလူနှစ်ယောက်ရှိသည်။ တစ်နေ့သော် သူတို့နှစ်ဦးသည် သူတို့တွင် ရှိသောငွေများကို ယူဆောင်၍ အတန်ငယ်ဝေးသော မြို့ပေါ်သို့ သွားရောက်ပြီး ကုန်ရောင်းကုန်ဝယ်ပြုလုပ်ကြရန် သဘောတူတိုင်ပင်ကြသည်။

“သုံးနှစ်လောက်တော့ ကြိုးစားရမှာပဲ။ သုံးနှစ်ပြည့်တဲ့နေ့ ရွာကိုပြန်လာမယ်” သူတို့နှစ်ဦးက ဇနီးသည်များကို ပြောဆိုမှာကြားခဲ့သည့် စကားဖြစ်သည်။

ရွာမှမြို့သို့ ထွက်လာရာလမ်းခရီးတွင် တောအုပ်တစ်ခုကို ဖြတ်သန်းသွားရသည်။ မြို့နှင့် မလှမ်းမကမ်းနေရာသို့ ရောက်လျှင် သူတို့နှစ်ဦးအနက် တစ်ဦးသောသူက မကောင်းသည့်အကြံအစည်ကို တွေးမိပြီး လောဘတက်လာတော့သည်။

“သူ့မှာပါလာတဲ့ငွေတွေကို ငါရရင် သုံးနှစ်သုံးမိုးဒုက္ခခံစရာ မလိုဘဲ အဆင်ပြေပြီပေါ့”

သူတို့နှစ်ဦးအနက် တစ်ဦးက ပါလာသည့်အဖော်ကို သတ်ပြီး သူပါလာသည့်ငွေများကို ရယူရန် မကောင်းကြံစည်မှုကို အကောင်အထည်ဖော်လေသည်။

“ဟာ ဘယ်လိုဖြစ်တာလဲ။ သတိထားဦးလေကွာ။ မင်းရဲ့ မိတ်ဆွေပဲလေ။ စိတ်ထိန်းပါကွာ”

အကြံနှင့်သူက အဖော်မိတ်ဆွေအား စတင်ထိုးကြိတ်ရာ အဖော်ဖြစ်သူက သတိပေးစကားပြောလိုက်ခြင်းဖြစ်သည်။ သို့သော် အချည်းနှီးသာတည်း။ အကြံရှိနေသူက တောနက်ထဲသို့ ရောက်သည့်အခါ အဖော်ဖြစ်သူကို ထိုးကြိတ်ရိုက်ပုတ်ရာ ခွန်အားမမျှသဖြင့် ပြန်လည်မခုခံနိုင်တော့ဘဲ အဖော်မိတ်ဆွေမှာ ဒဏ်ရာများရရှိကာ သေလုမြောပါးဖြစ်နေရတော့သည်။

“လူသူမနီးတဲ့တောထဲမှာဖြစ်လို့ မင်းရဲ့လုပ်ရပ်ကို အခြားလူတွေ မသိဘူးလို့ မင်းထင်နေတယ်မဟုတ်လား။ ငါကတော့ ငှါကိုအနိုင်ကျင့်သတ်ဖြတ်တဲ့အကြောင်းကို မိုးကောင်းကင်ပေါ်က မိုးတိမ်တွေကို တိုင်တည်မယ်။ သက်သေအဖြစ်ပြောခိုင်းမယ်” ဟု ဆိုလေရာ အကြံဆိုးရှိတဲ့သူက မကြားဟန်ဆောင်နေလေသည်။ ခရီးသွားမိတ်ဆွေက သေအံ့ဆဲဆဲမှာ မိုးတိမ်တို့ကို တိုင်တည်လိုက်တော့သည်။

“အို- မိုးတိမ်ကြီးရယ် ကျွန်ုပ်ကို တစ်ရွာတည်းသား ခရီးသွားမိတ်ဆွေက အနိုင်ကျင့်သတ်ဖြတ်လို့ ကျွန်ုပ်သေရတဲ့အကြောင်းကို

ရွာကအိမ်မှာကျန်ရစ်ခဲ့တဲ့ ကျွန်တော့်ဇနီးထံသွားပြောပေးပါ။ သွားပြောပေးပါဗျာ” မိုးတိမ်ကြီးအားတိုင်တည်ပြီးနောက် ထိုသူဟာ သေဆုံးသွားတော့တယ်။

“ဟားဟားဟား မင်းကအတော်မိုက်တာပဲ။ မိုးတိမ်က ဘယ်လိုလုပ်ပြီးစကားပြောနိုင်မှာလဲ” ဟု လူသတ်သောရွာသားက ရယ်မောပြောဆိုကာ ထပ်မံရယ်မောနေလေသည်။ ထို့နောက် သေဆုံးသွားသူတွင် ပါရှိလာသည့်ငွေများကိုယူပြီး ရွာသို့ပြန်လေတော့သည်။

“ယောက်ျားပြန်လာပြီနော်။ ဝမ်းသာလိုက်တာ”

လူသတ်သောရွာသားကို သူ၏ဇနီးသည်က ဝမ်းသာအားရကြိုဆိုလိုက်ခြင်းဖြစ်သည်။ အတူတကွမြို့ပေါ်သို့ ထွက်သွားကြတာဖြစ်လို့ သေဆုံးသွားသူရွာသားရဲ့ ဇနီးဖြစ်သူက သူ့ယောက်ျားပြန်ပါမလာတဲ့အတွက် ခရီးသွားမိတ်ဆွေကို အကြောင်းစုံမေးမြန်းရှာသည်။

“မင်းရဲ့ခင်ပွန်းနဲ့ ငါနဲ့က မြို့ကိုရောက်ကတည်းက သူတစ်လမ်းကိုယ်တစ်လမ်း လမ်းခွဲသွားကြတာ။ ဒီနေ့အထိ ပြန်မတွေ့ကြတော့ပါဘူး”

လူသတ်ခဲ့သည့်ခရီးသွားရွာသားက လိမ်ညာပြောဆိုလိုက်သည်။

“အို ဘယ်လိုများဖြစ်ရတာလဲရှင်။ ကျွန်မယောက်ျားတော့ ဘာများဖြစ်နေပါလိမ့်နော်”

သေဆုံးသွားသူရွာသား၏ ဇနီးမှာ ဝမ်းနည်းပက်လက်ဖြင့် နေအိမ်သို့ပြန်သွားရှာလေသည်။

တစ်နေ့တွင် လူသတ်သမားရွာသားသည် အိမ်ရှေ့ဝရန်တာတွင် လဲလျောင်းရင်း မိုးကောင်းကင်သို့ မော့ကြည့်လိုက်မိသည်။ ကောင်းကင်ပေါ်တွင် မိုးတိမ်တိုက်များကို မြင်လိုက်ရသည့်အခါ သူသတ်ခဲ့သည့် ရွာသား၏ မသေခင်မှာ မိုးတိမ်တွေကို တိုင်တည်ခဲ့သည်များအား ပြန်လည်သတိရပြီး တီးတိုးရေရွတ်ကာ ရယ်မောလိုက်သည်။

“မိုးတိမ်တွေက ဘယ်လိုလုပ်ပြီး စကားပြောနိုင်မှာလဲ၊ မဖြစ်နိုင်တာ ဒီကောင် လူမိုက်ပဲ၊ ဟားဟားဟား”

“ရှင် ဘာတွေသဘောကျပြီး ရယ်နေတာလဲ”

လူသတ်ခဲ့သည့်ရွာသား၏ရယ်သံကို ဇနီးဖြစ်သူက ကြားလိုက်သဖြင့် အကျိုးအကြောင်းကို မေးမြန်းတော့သည်။ ဘာမှမဟုတ်ကြောင်း ပြန်ပြောလိုက်ရာ ဇနီးဖြစ်သူက အကြိမ်ကြိမ်ထပ်မံမေးမြန်းသဖြင့် နောက်ဆုံးမှာ မည်သူ့ကိုမှပြန်မပြောရန် ကတိတောင်းခံပြီး ဇနီးဖြစ်သူအား ခရီးဖော်တစ်ရွာတည်းသားအား သတ်ခဲ့ပုံကို ပြောပြလိုက်လေသည်။

ဇနီးဖြစ်သူကလည်း အစပိုင်းတွင်နှုတ်ပိတ်နေခဲ့သည်။ သို့သော် ရက်၊ လအချိန်ကြာညောင်းလာသည့်အခါ မပြောဘဲမနေနိုင်ဖြစ်ပြီး ညီမဖြစ်သူအား အကြောင်းစုံကိုပြောပြလိုက်မိသည်။ ညီမဖြစ်သူက သူ၏မိတ်ဆွေကို တစ်ဆင့်ပြန်ပြောရာ တစ်ယောက်စကား တစ်ယောက်နားဖြင့် ရွာလူကြီးထံသို့ ထိုစကားရောက်သွားတော့သည်။

ထိုအခါရွာလူကြီးက လူသတ်ခဲ့သည့်ရွာသားကို ဖမ်းဆီးစစ်ဆေးသည့်အခါ မငြင်းသာတော့ဘဲ အမှန်အတိုင်းဝန်ခံလိုက်ရသည်။ ယင်းဖြစ်စဉ်မှာ ပြစ်မှုထင်ရှားသဖြင့် လူသတ်သမားရွာသားအား ရွာ၏ဓလေ့ထုံးစံအရ ရွာလူကြီးက သေဒဏ်ချမှတ်လိုက်လေတော့သည်။ ။

Ref; SHAN LEGENDS– by Pu Loi Hom and Pu Loi Tun.

တိုင်းရင်းသားရိုးရာစကားထာဉာဏ်စမ်းများ

တက္ကသိုလ်သျှင်ရတနာ

လူရှေရိုးရာစကားထာ

ရှေးလွန်လေပြီးသောအခါက ရာမညတိုင်းဒေသရှိ ကျေးလက်ရွာတစ်ရွာတွင် ဗညားနှင့် လဂွန်းအိမ်တို့ သူငယ်ချင်းနှစ်ဦးရှိသည်။ သူတို့သည် ရွာဦးကျောင်းတွင် ကျောင်းအိပ်ကျောင်းစားဖြင့် ပညာသင်ယူနေကြသူများဖြစ်ပြီး မွန်တိုင်းရင်းသားများလည်း ဖြစ်သည်။

သူတို့နှစ်ဦးသည် လိမ္မာရေးခြားရှိပြီး ကျောင်းထိုင်ဆရာတော်ကြီး၏ ဆုံးမသွန်သင်မှုများကို တစ်သဝေမတိမ်းလိုက်နာကာ ပညာကိုကြိုးစားသင်ယူကြလျက်ရှိသည်။

ရွာဦးကျောင်းဆရာတော်ကြီးသည် မွန်အမျိုးသားဆရာတော်ကြီးဖြစ်သဖြင့် မွန်စာပေနှင့် ဓလေ့ရိုးရာများ၊ မွန်တိုင်းရင်းသားယဉ်ကျေးမှု၊ မွန်ရိုးရာသမိုင်းကြောင်းတို့နှင့် တိုင်းရင်းသားသွေးချင်းတို့၏ပုံပြင်၊ စကားပုံ၊ ဝတ္ထု၊ ကဗျာ၊ တိုင်းရင်းသားရိုးရာစကားထာဉာဏ်စမ်းပဟေဠိများကို သင်ကြားပို့ချရာတွင် အလွန်ထင်ရှားသည်။

ဗညားနှင့် လဂွန်းအိမ်တို့မှာလည်း တိုင်းရင်းသားသွေးချင်းတို့၏ စကားထာဉာဏ်စမ်းများကို အလွန်နှစ်သက်ကြသူများဖြစ်ရာ အားလပ်ချိန်များတွင် အချင်းချင်း ဉာဏ်စမ်းကြရင်း ဆော့ကစားလေ့ရှိသည်။

“ဗညားရေ အဆင်သင့်ဖြစ်ရင် ကစားကြရအောင်”

“ဉာဏ်စမ်းပဟေဠိတွေ မေးချင်နေပြီ ဆိုပါတော့”

“အေးလေ၊ ပဟေဠိအဖြေညှိချင်နေပြီကွာ”

“ဒါဆိုလည်း မေးပေါ့၊ လဂွန်းအိမ်ရာ”

ဘုန်းကြီးကျောင်း၏တောင်ဘက် မန်ကျည်းပင်ကြီးအောက်ရှိ မြက်ခင်းစိမ်းစိမ်းများပေါ်တွင် ပစ်လဲ့ချလိုက်ရင်း ဗညားက ပြန်ပြောသည်။

“အေးပါ၊ မေးပြီကွာ။ ‘တောင်ပေါ်မှဆင်းပြီး လွင်တီးခေါင်ပေါ်သို့ တက်ကာ လှုပ်ရှားမှုမရှိတဲ့ အရာဝတ္ထု’ ဆိုတာ ဘာကိုပြောတာလဲ”

“လဂွန်းအိမ်ရာ မင်းမေးခွန်းကလည်း ဘယ်လိုကြီးလဲကွာ၊ စဉ်းစားရခက်မယ့်ပုံပဲနော်”

“မခက်ပါဘူး ဗညားရာ။ မင်းမဖြေနိုင်ရင် ပန်းပေးလေ၊ အဖြေကတော့ ရှိပြီးသား”

လဂွန်းအိမ်၏စကားအဆုံးမှာ ဗညားတစ်ယောက် ခေါင်းကုတ်ရင်း ထပ်မံစဉ်းစားနေသည်။ ထိုအရာကို စကားဖြင့်ထပ်မံတင်စီးကာ လဂွန်းအိမ်က ဆက်ပြောလိုက်သည်။

“မြန်မြန်ဖြေကွာ အချိန်စေ့တော့မယ်။ ဒါတွေက တိုင်းရင်းသားရိုးရာစကားထာ ဉာဏ်စမ်းတွေထဲကပဲ ဆိုတာ သတိပေးတာ။ သူငယ်ချင်းရေ မင်းကို အောက်လိုင်းပေးတာပေါ့နော်”

ဩော် ဒီလိုလား၊ ဒါဆိုသိသွားပါပြီဗျာ။ သူငယ်ချင်းမေးထားတဲ့ မေးခွန်းက လူရှေတိုင်းရင်းသားစကားထာဉာဏ်စမ်းထဲက မဟုတ်လား။ အဖြေကတော့ ‘လူသွားလမ်း’ ပါတဲ့ဗျာ။ ဟုတ်တယ်ဟုတ်”

ဗညားက ရယ်ကာမောကာ ပေါ့ပေါ့ပါးပါးစတိုင်ဖြင့် အဖြေကိုပြောလိုက်ရာ လဂွန်းအိမ်တစ်ယောက် ပါးစပ်အဝိုင်းသားဖြစ်သွားရသည်။

“ဟုတ်ပါ့ကွာ၊ မှန်ပါ့။ ဒီတစ်ခါလည်း ငါပဲ ဆက်မေးဦးမယ် သူငယ်ချင်း”

“မေးပါဗျာ မေးပါ”

“မေးပြီနော်။ ‘ငယ်စဉ်က ခြေလေးချောင်း၊ အရွယ်ရောက်တော့ ခြေနှစ်ချောင်း၊ အရွယ်လွန်သော် ခြေသုံးချောင်းနဲ့သွားတာ’ အဲဒါဘာသတ္တဝါဖြစ်မလဲ၊ ဖြေပါဦး”

ဗညားက ကောင်းကင်ပြာကြီးကို ငေးမောစဉ်းစားနေရင်း၊ ဖြည်းဖြည်းချင်းဆက်ပြောသည်။

“အဖြေမပေးခင် မင်းကိုလည်း ပဟေဠိလေး မေးပါရစေဦး လဂွန်းအိမ်ရာ”

“မေးစေဗျာ မေးစေ”

“မေးရရင်တော့ မေးခွန်းက အပေါ်က မီးဖို၊ အောက်က သောက်ရေသန့်’ ဆိုတာဘာလဲ”

“မင်းမေးတဲ့မေးခွန်းကို ငါဖြေနိုင်မှာပါ ဗညားရာ။ စောစောက ငါမေးထားတဲ့ ပဟေဠိလေးလည်း ဖြေပါဦးနော်”

လဂွန်းအိမ်က သူမေးထားသည့် စကားထာဉာဏ်စမ်းပဟေဠိကို ဗညားတစ်ယောက် မဖြေနိုင်လောက်ဘူးဟု ထင်နေသဖြင့် ပြုံးထေ့ထေ့ဖြင့် ပြန်ပြောလိုက်ခြင်းဖြစ်သည်။

“ရယ်စရာသိပ်ကောင်းတယ် လဂွန်းအိမ်ရာ ဟား ဟား ဟား။ မင်းမေးထားတဲ့မေးခွန်းကို ငါဖြေပြပေါ့မယ်။ ဘာတဲ့ မင်းမေးထားတာက ‘ငယ်စဉ်က ခြေလေးချောင်း၊ အရွယ်ရောက်တော့ ခြေနှစ်ချောင်း၊ အရွယ်လွန်သော် ခြေသုံးချောင်းနဲ့သွားတာ’ အဲဒါဘာသတ္တဝါဖြစ်မလဲဆိုတဲ့ ပဟေဠိ မေးခွန်း၏အဖြေက ‘လူ’ ဆိုတဲ့သတ္တဝါပေါ့”

လဂွန်းအိမ်တစ်ယောက် မျက်လုံးအပြူးသားဖြစ်သွားသည်။ လူရှေရိုးရာစကားထာဉာဏ်စမ်းပဟေဠိဖြစ်ကြောင်းလည်း ဗညားက ထပ်ဆင့်ပြောလိုက်သေးသည်။

“တော်လိုက်တာ သူငယ်ချင်းရာ၊ တော်လိုက်တာ။ ခုတော့ ငါဖြေရမယ့်အလှည့်ပေါ့ ဗညားရေ။ သူငယ်ချင်းမေးထားတာက ‘အပေါ်က မီးဖို၊ အောက်က သောက်ရေသန့်’ ဆိုတာဘာလဲဆိုတဲ့ ပဟေဠိကို ငါစဉ်းစားပြီးသားပါ။ အဖြေကလည်း ရပြီးသား။ အဖြေက ‘မိန်းမသောက် ဆေးတံရှည်’ ဆိုတာပေါ့။ လူရှေတိုင်းရင်းသားရိုးရာဉာဏ်စမ်းတွေထဲကပါပဲ”

“မင်းလည်း တော်ပါပေတယ် လဂွန်းအိမ်ရာ၊ ဆရာကျပါပေတယ်”

သူငယ်ချင်းနှစ်ဦး၏ကစားပွဲကို ကာယကံရှင်များဖြစ်ကြသည့် ဗညားနှင့် လဂွန်းအိမ်တို့ ကျေနပ်နှစ်သက်၊ သဘောကျစွာဖြင့် ရယ်မောလိုက်စဉ်မှာပင် ဘုန်းတော်ကြီးကျောင်းက သံချောင်းခေါက်သံ နှစ်ချက်ပေါ်ထွက်လာရာ သူငယ်ချင်းနှစ်ဦး အပြေးအလွှားဖြင့် ဘုန်းကြီးကျောင်းပေါ်သို့ တက်သွားကြတော့သည်။ ။

■

ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှု တစ်ပတ်အတွင်းနှိုင်းယှဉ်မှု

လွယ်ဂျယ် နိုဝင်ဘာ ၉

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တစ်ဆင့် မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများရှိရာ အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၄ ရက်အတွင်း အဆိုပါစခန်းနှစ်ခုမှ တစ်သျှူးငှက်ပျော၊ ရော်ဘာ၊ ဆန်၊ နှမ်း၊ ပိုးလုံးအိမ်၊ ငရုတ်သီးခြောက်နှင့် ဆန်ကွဲများတင်ပို့ခဲ့ပြီး ပို့ကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ ၂၁၀၆၂၀၄ ဒသမ ၃၂ ဒေါ်လာတင်ပို့ခဲ့ရာ ယခင်အပတ် အောက်တိုဘာ ၂၂ ရက်မှ ၂၈ ရက်ထိ တင်ပို့ကုန်ပမာဏ ၁၆၉၄၆၆၆ ဒသမ ၂၂ ဒေါ်လာနှင့် နှိုင်းယှဉ်ပါက ၄၁၁၅၃၈ ဒသမ ၁၀ ဒေါ်လာ ပိုမိုရှိ၍ တင်ပို့မှုရှိခဲ့သည်ကို တွေ့ရသည်။

သွင်းကုန်ပစ္စည်းများ အနေဖြင့် အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၄ ရက်အတွင်း ၅၁၀၅၄၆ ဒသမ ၅၈ ဒေါ်လာ တင်သွင်းခဲ့ရာ စက်နှင့်စက်ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ ချည်ထည်များ၊ ဓာတုဗေဒချည်ခင်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ဇာနှင့် ဇာထိုးထားသောအထည်အလိပ်များ၊ ချုပ်ပြီးအဝတ်အထည်များ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ သံပိုက်များ၊ မြက်ခင်းတုများ၊ ကားတာယာများနှင့် အခြားပစ္စည်းများ တင်သွင်းခဲ့ရာ ယခင်အပတ် အောက်တိုဘာ ၂၂ ရက်မှ ၂၈ ရက်ထိ တင်သွင်းမှုပမာဏ ၂၅၁၆၃၈ ဒသမ ၈ ဒေါ်လာနှင့် နှိုင်းယှဉ်ပါက ၂၅၈၉၀၇ ဒသမ ၇၈ ဒေါ်လာ ပိုမိုရှိ၍ တင်သွင်းခဲ့သည်ကို တွေ့ရသည်။

ငွေလဲနှုန်းများမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၄၇ ယွမ် ဖြစ်ပြီး တစ်ယွမ်လျှင် မြန်မာငွေကျပ် ၂၈၈ ဒသမ ၁၈ ကျပ် ရှိကြောင်း သိရသည်။

မနောမြေကုန်သွယ်မှုဗဟိုဌာန

ရွှေဘို နိုဝင်ဘာ ၉

၂၀၂၂-၂၀၂၃ မိုးစပါးသီးနှံအနေဖြင့် ရွှေဘိုခရိုင်တွင် ဧက ၃ ဒသမ ၅ သိန်းကျော်နှင့် ရေဦးခရိုင်တွင် ဧက ၂ ဒသမ ၉ သိန်းကျော် စုစုပေါင်းဧက ၆ ဒသမ ၄ သိန်းကျော် စိုက်ပျိုးရန် လျာထားမှုအပေါ် အောက်တိုဘာဒုတိယရက်သတ္တပတ်တွင် စိုက်ပျိုးပြီးစီးခဲ့ကြောင်း၊ ရွှေဘိုပေါ်ဆန်းနှင့် ဧရာမင်းကို အဓိကထား၍ စိုက်ပျိုးပြီး ရွှေသွယ်ရင်၊ ဆင်းသုခ၊ မနော်ဟရီ၊ IR747 စသည့် စပါးမျိုးများလည်း စိုက်ပျိုးကြကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်အတွင်း နိုဝင်ဘာပထမပတ်တွင် ဖြစ်ပေါ်ခဲ့သော စပါး/ဆန်စျေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ငွေကျပ်၂၄၀၀၀၀၀၊ ဆန်တစ်အိတ်လျှင် ငွေကျပ် ၈၅၀၀၀၊ ဧရာမင်းစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၁၄၅၀၀၀၀၊ ဆန်တစ်အိတ်လျှင် ငွေကျပ် ၆၅၀၀၀၊ ရွှေဝါထွန်းစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၁၀၅၀၀၀၀၊ ဆန်တစ်အိတ်လျှင် ငွေကျပ် ၄၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ရွှေဘိုခရိုင်မှထွက်သော ဆန်များကို ဒေသတွင်းသာမက ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ရှမ်း(တောင်)၊ ရှမ်း(မြောက်) စသည့်မြို့များသို့ နေ့စဉ်တင်ပို့ရောင်းချလျက်ရှိရာ အောက်တိုဘာလတွင် အိတ်ရေ ၄၉၄၇၀၀ တင်ပို့ခဲ့ပြီး ယခင်လတွင် အိတ်ရေ ၅၀၆၂၀၀ တင်ပို့ခဲ့သဖြင့် ယခင်လနှင့် ယခုလ နှိုင်းယှဉ်ပါက ယခုလတွင် ယခင်လ အောက် အိတ် ၁၁၅၀၀ လျော့နည်း၍ တင်ပို့ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဗိုးစပါးစိုက်ပျိုးမှုနှင့် စျေးနှုန်းစျေးကွက်

ထိုင်းနိုင်ငံသို့ ကုန်ပစ္စည်းများ တင်ပို့မှုနှင့် တင်သွင်းမှု အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၉

နိုဝင်ဘာ ၁ ရက်မှ ၈ ရက်အတွင်း ထိုင်းနိုင်ငံသို့ အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် Form D အကျိုးခံစားခွင့်ဖြင့် ငါးမှန့်၊ တန် ၁၂၀၊ ငါးအသားလွှာ ၂၁ ဒသမ ၆၀ တန်၊ ပုလဲထုတ်ပြီး မုတ်ကောင်ခွံ ၂၅ ဒသမ ၇၆ တန် တင်ပို့မှုရှိကြောင်း သိရသည်။

ရေထွက်ကုန်ပစ္စည်း ငါးမျိုးစုံ၊ ကဏန်း၊ ပုစွန်၊ ကင်းမွန် တင်ပို့မှုမှာ ကော့သောင်းနှင့် မောတောင်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ တင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။ မြိတ်ဒေသအတွက် ထိုင်းနိုင်ငံမှ ရေလုပ်ငန်းသုံးပစ္စည်းများ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ ဆိုင်ကယ်အပိုပစ္စည်းများ၊ Diesel Generatorနှင့် ဒီဇယ် တန် ၄၅၀ တင်သွင်းခဲ့ပြီး စုစုပေါင်းတန်ဖိုး သုည ဒသမ ၅၃၇ ဒေါ်လာသန်း တင်သွင်းခဲ့ကြောင်း သိရပြီး မြိတ်ဒေသတွင်း၌ ဒီဇယ်တစ်လီတာ ငွေကျပ် ၃၀၀၀၊ ဓာတ်ဆီတစ်လီတာ ငွေကျပ် ၂၄၁၀ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ ဒေသငွေလဲနှုန်းပေါက်စျေးအနေဖြင့် တစ်ဘတ်လျှင် ငွေကျပ် ၈၀ ဖြင့် အရောင်းအဝယ်ပြုလုပ်နေကြောင်း သိရသည်။

သတင်းစဉ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ "The 5th China International Import Expo (CIIE)" ကုန်စည်ပြပွဲ ကျင်းပလျက်ရှိပြီး မြန်မာနိုင်ငံမှ ပါဝင်ပြသ

နေပြည်တော် နိုဝင်ဘာ ၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ နိုဝင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ ကျင်းပလျက်ရှိသည့် "The 5th China International Import Expo (CIIE)" ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၄ ရက် ညနေပိုင်း ပေကျင်းမြို့စံတော်ချိန် ၂၀ နာရီတွင် Online/Offline ဖြင့် ကျင်းပခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင် တက်ရောက်၍ ဗီဒီယိုဖြင့် အဖွင့်မိန့်ခွန်းပြောကြားခဲ့သည်။

ယခုနှစ်ကျင်းပသည့် "The 5th China International Import Expo (CIIE)" ကုန်စည်ပြပွဲကို "မျှဝေထားသော ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခွင့်အလမ်းများအတွက် ကမ္ဘာလုံးဆိုင်ရာ ပွင့်လင်းမှုကိုလှုံ့ဆော်ခြင်း" ဆောင်ပုဒ်နှင့်အညီ ကျင်းပခြင်းဖြစ်သည်။ အဆိုပါ နိုင်ငံတကာကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသခြင်းဖြင့် နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်ဆက်ဆံမှုများတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေပြီး ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုတွင် မြန်မာနိုင်ငံအတွက် စီးပွားရေးအခွင့်အလမ်းကောင်းများကို တိုးမြှင့်စေနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အဆိုပါကုန်စည်ပြပွဲကို ပထမအကြိမ်မှစတင်၍ နှစ်စဉ်နှစ်တိုင်း ပါဝင်ပြသနိုင်ခဲ့ပြီး ယခုနှစ်တွင်လည်း မြန်မာ့ထွက်ကုန်ပစ္စည်းများကို ပြခန်းလေးခန်းဖြင့် ပါဝင်ပြသလျက်ရှိသည်။ အဆိုပါကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၁၄၅ နိုင်ငံမှ ပါဝင်ပြသလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

လွယ်ဂျယ်နယ်စပ်ကုန်စည်စီးဆင်းမှုအခြေအနေ

လွယ်ဂျယ် နိုဝင်ဘာ ၉

နိုဝင်ဘာ ၈ ရက်တွင် လွယ်ဂျယ်နယ်စပ်မှ ဆန်ခုနစ်စီး တန်ချိန် ၂၁၅ ဒသမ ၀၀ တန် တန်ဖိုး သုည ဒသမ ၀၇၈ ဒေါ်လာသန်း၊ ဆန်ကွဲနှစ်စီး တန်ချိန် ၆၃ ဒသမ ၀၀ တန် တန်ဖိုး သုည ဒသမ ၀၂၂ ဒေါ်လာသန်း၊ တစ်သျှူးငှက်ပျော လေးစီး၊ တန်ချိန် ၆၄ ဒသမ ၀၀ တန် တန်ဖိုး သုည ဒသမ ၀၂၁ ဒေါ်လာသန်း၊ ပိုးလုံးအိမ်တစ်စီး၊ တန်ချိန် ၄ ဒသမ ၅၀ တန် တန်ဖိုး သုည ဒသမ ၀၂၃ ဒေါ်လာသန်း၊ မြေပဲကျား(အခွံပါ)တစ်စီး တန်ချိန် ၁၇ ဒသမ ၄၀ တန် တန်ဖိုး သုည ဒသမ ၀၁၁ ဒေါ်လာသန်း စုစုပေါင်း သုည ဒသမ ၁၅၅ ဒေါ်လာသန်း တင်ပို့နိုင်ခဲ့ပြီး တစ်ဖက်နိုင်ငံမှ ပီနံအိတ်နှစ်စီး ၂၇ ဒသမ ၀၀ တန် တန်ဖိုး သုည ဒသမ ၀၂၂ ဒေါ်လာသန်း၊ ဂျပ်စက္ကူတစ်စီး ၅ ဒသမ ၅ တန် တန်ဖိုး သုည ဒသမ ၀၀၂ ဒေါ်လာသန်း၊ ကုန်စုံတစ်စီး ၅ ဒသမ ၈၁ တန် တန်ဖိုး သုည ဒသမ ၀၀၉ ဒေါ်လာသန်း စုစုပေါင်း သုည ဒသမ ၀၃၃ ဒေါ်လာသန်း တင်သွင်းနိုင်ခဲ့သဖြင့် စုစုပေါင်းကုန်သွယ်မှုတန်ဖိုး သုည ဒသမ ၁၈၈ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ လွယ်ဂျယ်နယ်စပ်ဒေသ ငွေကြေးစျေးကွက်အနေဖြင့် နိုဝင်ဘာ ၁ ရက်တွင် တစ်ယွမ်လျှင် ၄၁၆ ဒသမ ၆၇ ကျပ်ဖြစ်ခဲ့ပြီး နိုဝင်ဘာ ၈ ရက်တွင် တစ်ယွမ်လျှင် ၄၂၃ ဒသမ ၇၃ ကျပ်ထိ မြန်မာကျပ်ငွေစျေးပြန်လည်လျော့ကျလာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်တွင်းရွှေစျေးကွက်အလားအလာ

ရန်ကုန် နိုဝင်ဘာ ၉

ယခုအချိန်တွင် ကမ္ဘာ့ရွှေစျေးနှုန်းများ မြင့်တက်လာသော်လည်း ပြည်တွင်းရွှေစျေးနှုန်းမှာ လိုက်ပါမြင့်တက်ခြင်း မရှိဘဲ စျေးနှုန်းတည်ငြိမ်နေသည်ကို တွေ့ရသည်။

